ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (3-9-2004) (၄၃၄၅)

တပေါ် စ
တော် မင်္ဂလ မုတ္တမံ။

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ယာပုံနှင့်အောက်ပုံ) (သတင်းစဉ်)

စာတတ်မြောက်မှုနှုန်းနှင့် ကျောင်းနေနှုန်းအဆင့်မြင့်နိုင်ငံ

၁၉၉၉-၂၀၀၀ပြည့်နှစ်တွင် အသက်(၅)နှစ်အရွယ်ကလေးများ၏ သူငယ်တန်းကျောင်းနေနှုန်းသည် ၉၁ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၉၆ ဒသမ ၅၆ရာခိုင်နှုန်းအထိ မြင့်မားတိုးတက်လာ။

နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းမှာလည်း ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၉၃ ဒသမ ၃ရာခိုင်နှုန်းခန့်အထိ မြင့်မားတိုးတက်လာသည့်အတွက် စာတတ်မြောက်မှုနှုန်းအရရော ကျောင်းနေအရွယ်ကလေးများ ကျောင်းနေသည့်နှုန်းအရပါ မြန်မာနိုင်ငံသည် အာရှဒေသတွင် အဆင့်မြင့်နိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီ။

နိုင်ငံတော်သစ်ကို စနစ်သစ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများသည် မြားမြောင်သကဲ့သို့ ရှုပ်ထွေးသိမ်မွေ့ယနေ့အချိန်၌ သာမန်အားထုတ်မှု၊ သာမန်အလုပ်လုပ်မှုမျိုးဖြင့် သမားရိုးကျလုပ်ကိုင်နေ၍ မဖြစ်တိုင်းပြည်နှင့် လူမျိုးအပေါ် စိတ်ရင်း စေတနာကောင်းကောင်းဖြင့် ဖိဖိစီးစီး အားထုတ်လုပ်ကိုင်

မိမိ၏ ကျွမ်းကျင်မှု၊ မိမိ၏စွမ်းအားတို့ကို အရင်းပြုပြီး တိုင်းပြည်ကို အလုပ်အကျွေးပြု

ရန်ကုန် စက်တင်ဘာ ၂

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဒုတိယစာရင်းစစ်ချုပ်၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃-၉-၂၀၀၄
(သောကြာနေ့)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဖော်ဆောင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အမျိုးသားရေးစွမ်းအားစုများ၏ စုစည်းညီညွတ်သည့်အားကို ရယူလျက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စုစည်းညီညွတ်သော စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဘက်စုံ၊ ကဏ္ဍစုံတွင် တိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများရရှိနေသည်ကို တွေ့ရသည်။

ယနေ့ နိုင်ငံတော်တစ်ဝန်း၌ စီးပွားရေးအရ တိုးတက်အောင်မြင်မှုများကို စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စသည့်ကဏ္ဍအားလုံးတွင် သိသာထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်သည်။

ထို့အတူ ပညာရေးကဏ္ဍတွင်လည်း အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ ဆေးပညာဆိုင်ရာ အဆင့်မြင့်သင်ကြားမှုဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် ပညာတတ်များကို မွေးထုတ်ပေးလျက်ရှိသည်။

အလားတူ ကျန်းမာရေးကဏ္ဍတွင်လည်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံကြီးများ၊ ဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးနေသည်။

ယင်းကဲ့သို့ နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် မြို့ပြများ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ ကျေးလက်ဒေသများပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိနေသည်။

မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေးအတွက် ဆောင်ရွက်ကြရာတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အောင်မြင်အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် လက်တွဲညီညီ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်တင်ဘာလ ၁ရက်နေ့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ **"ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ မိမိတို့အသင်း၏အင်အားနှင့် ကျေးရွာပြည်သူများ၏ အင်အားပေါင်းပြီး ဆောင်ရွက်သည့် လုပ်ငန်း၊ မိမိတို့အင်အားသက်သက်ဖြင့် မလုပ်နိုင်ဘဲ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းဟူ၍ နှစ်ပိုင်းရှိမည်ဖြစ်သကဲ့သို့ လတ်တလော အကျိုးပြုလုပ်ငန်းနှင့် ရေရှည်အကျိုးပြုလုပ်ငန်းများဟူ၍လည်းရှိမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏ဆန္ဒအပေါ်တွင် အားပြုပြီး လုပ်ရသည့်လုပ်ငန်းများဖြစ်၍ ပြည်သူတို့၏ နိုးကြားသည့်အသိ စိတ်ဓာတ်ဖြင့် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်လာရန် လိုအပ်ကြောင်း၊ ထို့ပြင် ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ် ထက်သန်စွာဖြင့် ဆောင်ရွက်လာစေရန်လည်း နည်းပေးလမ်းပြ စည်းရုံးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကာလဒေသနှင့် ကိုက်ညီပြီး လိုလည်းလိုအပ်၊ ဖြစ်လည်းဖြစ်နိုင်၊ အောင်လည်းအောင်မြင်နိုင်သော လုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပြီး ဦးစားပေးစည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** ပြောကြားသွားသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းပြည်သူ့ဆက်ဆံရေးဌာနမှအဖွဲ့ဝင်များ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့၌ရောက်ရှိနေသော ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Dussadee Sinchirmsiri ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Dussadee Sinchirmsiri ခေါင်းဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ဇီဝလောင်စာသုံးစွဲမှုဆိုင်ရာဆွေးနွေးပွဲ (Conference on Biofuel) သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာအကြီးအကဲများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (စွမ်းအင်)

စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၃၀ရက်မှ ၃၁ရက်အထိကျင်းပခဲ့သော ဇီဝလောင်စာသုံးစွဲမှုဆိုင်ရာ ဆွေးနွေးပွဲ (Conference on Biofuel) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူး(စီမံရေး)ဦးသောင်းမြင့်လည်း ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် မြေနီကုန်း မပိုလမ်း အမှတ်(၃၂)နေ စိတ်ကျန်းမာရေး ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်-ဒေါ်ခင်မမ မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ် ၁၀၀၀၀၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ဩဂုတ် ၃၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂-၉-၂၀၀၄)

ရွှေဘို	- ၃ ဒသမ	၁၅ လက်မ
ကျောက်တော်	- ၂ ဒသမ	၅၆ လက်မ

စာအုပ်စာပေ လူ့မိတ်ဆွေ ဖြန့်လေများများ အကျိုးပွား

စိုးညွန့်(ပဲခူး)

ယနေ့ကာလကို ပညာခေတ်ဟု ဆိုကြသည်။ သိမှု တတ်မှုများရန် ကြိုးစားနေကြရ၏။ ထိုသိမှု တတ်မှု သုတတိုးပွားရန် အဓိကအားဖြင့် စာဖတ်ကြရ၏။ မျက်မှောက်အခြေအနေတွင် သိသင့်၊ ဖတ်သင့်၊ မှတ်သင့်သည့် ပညာရပ်မျိုးစုံတို့မှာလည်း ကျယ်ပြန့်များမြောင်လှ၏။ စာအုပ်စာတမ်းမျိုးစုံမှာလည်း ကမ္ဘာအရပ်ရပ်တွင် အချိန်နှင့်အမျှ ထွက်ရှိဖြန့်ဝေနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အတိုင်းအတာတစ်ခုအထိ များပြားသည်ကို တွေ့နေကြရ၏။

သုတနှင့် ရသဆိုင်ရာ စာအုပ်စာတမ်းမျိုးစုံကို ရေးသူများက ရေး၊ ထုတ်သူများက ထုတ်၊ ဖြန့်သူများက ဖြန့်၊ ရောင်းသူများက ရောင်းသဖြင့် စာဖတ်သူတို့ ဖတ်ရှုကြရ၏။ မြန်မာစာအုပ်စာပေလောကသည် ရှေးနှစ်ပေါင်းများစွာမှ ယနေ့အထိ တိုးပွားစည်ပင်လျက်ရှိသည်ဟု ဆိုနိုင်၏။ ဝါသနာပါသူတို့အဖို့ မည်မျှတန်ဖိုးများသော်လည်း ဝယ်ယူဖတ်ရှုကြ၏။

ယခုအခါ ထုတ်လုပ်မှုစရိတ်များ အလွန်မြင့်မားလာပြီး စာအုပ်ဈေးနှုန်းများမှာလည်း ဖတ်သူအများစု အလှမ်းမမီတော့သည့် အခြေအနေသို့ ရောက်နေသဖြင့် ရောင်းသူများ၊ ထုတ်ဝေသူများ တွက်ခြေမကိုက်ဟု ဆိုကြ၏။ အချို့စောင်ရေအနည်းငယ်သာ ရိုက်နိုင်၏။ ထို့ကြောင့် စာအုပ်ဈေးနှုန်း ပိုမြင့်လာရပြန်သည်။ ထိုကွင်းဆက်ကြောင့် စာအုပ်ထုတ်ဝေမှုလုပ်ငန်း နှေးကွေးကာ စာအုပ်ကောင်းများ အထွက်နည်းလာ၏။

မြန်မာနိုင်ငံတွင် စာဖတ်သူ၊ စာပေဝါသနာပါသူသည် အလွန်များပြားသည်ကို ယနေ့ထွက်ရှိနေသည့် စာနယ်ဇင်းအရေအတွက်ကိုကြည့်လျှင် သိသာ၏။ သို့ရာတွင် ပျံ့နှံ့မှုအားနည်း၏။ ဒေသအနှံ့မရောက်။ မြို့ကြီးများနှင့် ပတ်ဝန်းကျင်လောက်သာ ရောက်၏။ ကျေးလက်အနှံ့ရောက်ရှိရန် မည်သည့်စာနယ်ဇင်းတိုက်ကမျှ မကြိုးပမ်းနိုင်သေးဟု ဆိုကြ၏။

စာပေရေးသားမှုတွင် ယခုအခါ များစွာကျေနပ်စရာကောင်းလှ၏။ မျက်မှောက်ကမ္ဘာတွင် ဖြစ်ပျက်နေသမျှကို မြန်မာစာဖတ်သူတို့ ဖတ်ရှုလေ့လာနိုင်အောင် ဘာသာပြန်သူတို့က အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းနေကြ၏။ သုတနှင့်ရသဆိုင်ရာ၊ မြန်မာနှင့် ကမ္ဘာ့ရေးရာအဖြာဖြာကိုလည်း ဘက်စုံထောင့်စုံမှ ရေးသားထုတ်ဝေကြ၏။ ပညာ၊ ကျန်းမာ၊ စိုက်ပျိုး၊ စက်မှု၊ နည်းပညာ၊ စီးပွားရေး၊ လူမှုရေးစသည့် ပညာရပ်ဆိုင်ရာများလည်း စုံစုံလင်လင်တွေ့နေရ၏။

ရေးသူတွေ များများရေးနိုင်အောင်နှင့် ဖတ်သူတွေ များများဖတ်နိုင်အောင် ထုတ်ဝေဖြန့်ချိ ရောင်းချသူများ၏ အခန်းကဏ္ဍကလည်း အရေးပါလှပါသည်။ ဖတ်သူများလေ ရောင်းရလေ၊ ရောင်းရလေ များများထုတ်နိုင်လေဖြစ်၍ ထိုမှတစ်ဆင့် ရေးသူ၊ ပြုစုသူများဆီသို့ တွန်းအားများ ပြန်လည်ရောက်ရှိလာပေမည်။

များများဖတ်နိုင်ဖို့ စောင်ရေများများထုတ်ဖို့ လိုလာ၏။ စောင်ရေများများထုတ်နိုင်အောင် ဝယ်ယူသူများ များများရှိဖို့ လိုအပ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဝယ်နိုင်သူများများရှိအောင် တစ်ဦးချင်းအတိုင်းအတာထက် စာကြည့်တိုက်များများရှိခြင်းသည် ဈေးကွက်သေချာ၏။ ခိုင်မာ၏။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့များတွင် ရပ်ကွက်တိုင်း၌လည်းကောင်း၊ နယ်များတွင် ကျေးရွာများအားလုံး၌လည်းကောင်း စာကြည့်တိုက်များရှိရန် အထူးလိုအပ်လှပါသည်။ စာအုပ်တစ်အုပ်ကို သောင်းဂဏန်းများများရိုက်နိုင်လျှင် စီးပွားရေးအရ တွက်ခြေကိုက်မည်မှာ သေချာ၏။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှာ သောင်းဂဏန်းများဖြစ်၍ အကျိုးပြုစာပေများ တစ်နိုင်ငံလုံးဖြန့်ကြက်နိုင်လျှင် သန်းပေါင်းများစွာသော ပြည်သူများ ဖတ်ရှုလေ့လာနိုင်ကြမည်ဖြစ်၍ အလွန်ဝမ်းမြောက်စရာပင် ဖြစ်ပေသည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာတမ်းများ ပုံမှန်ဖြည့်တင်းနိုင်ရေးအတွက် စာကြည့်တိုက် တစ်ခုချင်း အလိုက် ငွေပဒေသာပင်များ စိုက်ထူထားနိုင်လျှင် အကောင်းဆုံးပင် ဖြစ် သည်။

ဤတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီမံချက်ချ ဆောင်ရွက်နေသဖြင့် မကြာမီကာလအတွင်း ကျေးရွာအုပ်စုတိုင်း၌ စာကြည့်တိုက်များ ပေါ်ပေါက်လာတော့မည်မှာ သေချာနေပြီဖြစ်၏။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးရှိ မြို့နယ်တိုင်းလိုလိုရုံးများဖွင့်လှစ်၍ စာကြည့်တိုက်၊ စာဖတ်ခန်းများ ဖွင့်ထားသည့် အတွေ့အကြုံရှိပြီးဖြစ်၍ ဤမွန်မြတ်သောလုပ်ငန်းကြီး အောင်မြင်မှာ အသေအချာပင်ဖြစ်၏။ ဒေသခံအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် ပြည်သူများက တက်ညီလက်ညီ အားတက်သရော ပူးပေါင်းဆောင် ရွက်ကြပါက မျှော်မှန်းထားသည်ထက်စောပြီး ပိုမိုအောင်မြင်မည်ဟု ယုံကြည်ပါသည်။

စာကြည့်တိုက်တစ်ခု ဖြစ်မြောက်ရေးအတွက် နေရာနှင့် အဆောက်အအုံ၊ ပရိဘောဂ၊ ကြီးကြပ်ထိန်းသိမ်း ဆောင်ရွက်သူတို့မှာ အခြေခံလိုအပ်ချက်ပင် ဖြစ်သည်။ ခက်ခဲစွာစဉ်းစားလျှင် ခက်ခဲမည်ဖြစ်သော်လည်း နေရာဒေသအခြေအနေပေးသမျှနှင့် စ၍လုပ်လျှင် ဖြစ်ပါသည်။ လက်ရှိအချို့ကျေးရွာအုပ်စုများကဲ့သို့ပင် ကျေးရွာရုံးများ၊ စေတနာရှင်များ၏ အဆောက်အအုံများနှင့် အခြေခံပညာကျောင်းများတွင် ဖွင့်နိုင်ပါသည်။ အမာခံအဖြစ် ပညာရေးဝန်ထမ်းများပါဝင်သော ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့များဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်ပါမည်။

ဖော်ပြပါ အခြေခံကိစ္စပြည့်စုံပါက စာအုပ်စုဆောင်းရရှိရေး၊ ရန်ပုံငွေရရှိရေးတို့ကို တစ်ဖက်တစ်လမ်းမှ နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းရပါလိမ့်မည်။ ကျေးရွာအတွင်း၊ ဒေသအတွင်း၊ အဝေးရောက် ကျေးရွာသားနှင့် အခြားစေတနာရှင်များထံမှ စာအုပ်နှင့်ငွေများ လှူဒါန်းရရှိရေးအတွက် လှုံ့ဆော်တိုက်တွန်းနိုင်ပါက စေတနာရှင်များစွာ ပေါ်ထွက်လာမှာ သေချာပါသည်။ ဤကဲ့သို့ မွန်မြတ်သော လုပ်ငန်းတွင် ပါဝင်လှူဒါန်းမှုများကို စာနယ်ဇင်းများတွင် တွေ့မြင်နေရပါသည်။

မတည်အလှူရှင်များ၊ စုပေါင်းအလှူရှင်များ၊ သဒ္ဓါပေါက်၍ လာရောက်ပေးပို့လှူဒါန်းသူများသာမက လစဉ်၊ နှစ်စဉ် စာအုပ်တစ်အုပ်ချင်းဖြစ်စေ၊ ထို့ထက်ပို၍ဖြစ်စေ၊ ငွေကြေးဖြစ်စေ ပုံမှန်လှူဒါန်းမည့်သူများ ထွက်ပေါ်လာအောင် ကြိုးပမ်းကြရပါမည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာတမ်းများ ပုံမှန်ဖြည့်တင်းနိုင်ရေးအတွက် စာကြည့်တိုက်တစ်ခုချင်းအလိုက် ငွေပဒေသာပင်များ စိုက်ထူထားနိုင်လျှင် အကောင်းဆုံးပင်ဖြစ်သည်။

လက်ရှိကြုံတွေ့နေရသည့် အခက်အခဲမှာ စာအုပ်စာတမ်းများ ဈေးနှုန်းကြီးမြင့်၍ မဝယ်ယူနိုင်ခြင်း၊ စာအုပ်ထုတ်ဝေသူများကလည်း တွက်ခြေကိုက်မှသာ လုပ်ငန်းအဆင်ပြေမည်ဖြစ်၍ ဈေးနှုန်းမတင်ချင်သော်လည်း တင်နေရခြင်း၊ စောင်ရေနည်းလျှင် ဈေးမြင့်ပြီး အရောင်းမသွက်ခြင်းတို့ရှိသလို ဖြန့်ချိသူများကလည်း မြို့ကြီးများလောက်သာ ဖြန့်နိုင်သဖြင့် ကျေးလက်အထိ စာအုပ်ရောက်ရှိရေး၊ စာအုပ်ကောင်းများ ရှိရေးတို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲ၊ စာအုပ်စာပေတိုက်များ၊ ဖြန့်ချိသူများ၊ ပို့ဆောင်ရေးကိုယ်စားလှယ်များ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ အခြားဆက်နွှယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများ ပါဝင်သည့် အဖွဲ့ကြီးဖွဲ့၍ စာအုပ်ဝယ်ယူခြင်း၊ စုဆောင်းခြင်းအဖွဲ့ခွဲ၊ ဖြန့်ချိရေးအဖွဲ့ခွဲ စသည်တို့ကို လိုအပ်သလိုဖွဲ့စည်းကာ တစ်ပြည်လုံးအတိုင်းအတာဖြင့် ယခင်က မရှိခဲ့ဖူးသေးသည့် မွန်မြတ်သော လုပ်ငန်းတစ်ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းသင့်ပါသည်။

ထိုသို့ စနစ်တကျ ဆောင်ရွက်ပါက မည်သည့်စာအုပ်ကို စောင်ရေမည်မျှထုတ်ဝေနိုင်မည်ကို ခန့်မှန်းတွက်နိုင်သဖြင့် တစ်ဖက်တွင် အကျိုးအမြတ်သေချာသလို တစ်ဖက်တစ်လမ်းတွင်လည်း အလေအလွင့် နည်းပါးမည်ဖြစ်ပါသည်။

ဤလုပ်ငန်းကြီး အောင်မြင်သွားပါက ရေးသူ၊ ထုတ်သူ၊ ဖြန့်သူ၊ ရောင်းသူနှင့် ဖတ်သူများပါ ဘက်စုံအကျိုးရှိလာမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်၍ သားရွှေအိုးထမ်းလာသည့် လုပ်ငန်းတစ်ရပ်ဟုပင် မှတ်တမ်းတင်ရပါမည်။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် နန်းသြစံပြကျေးရွာ အောင်ပညာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၁ရက်က ကျင်းပစဉ်။ (ပြန်/ဆက်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို သာကေတမြို့နယ် အထက(၂)တွင် ဩဂုတ် ၁၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၏ဇနီး ဒေါ်စန်းစန်းရီ၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးအေးသိန်းနှင့် ဆရာမကြီးဒေါ်သီသီအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (က-ပ)

နိုင်ငံအဝန်းကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်၊စာစောင်များ ဝိုင်းဝန်းကူညီလှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိက စာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များပါဝင်တက်ရောက်ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါန ငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း(၀၁-၂၅၂၄၅၇၊ ၀၁-၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊ ၀၁-၃၇၉၇၇၁နှင့် ၀၁-၂၅၂၄၅၁)တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - **၇-၉-၂၀၀၄ (အင်္ဂါနေ့)**
အချိန် - **မွန်းလွဲ (၂)နာရီ**
နေရာ - **ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ**

စာပေဒါနပြုလိုကြသော စေတနာရှင်အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉/၃၇၉၇၆၉/၃၇၉၇၇၁/၂၅၂၄၅၁

စနစ်ကျသည့် အနာဂတ်စီမံချက်မရှိဘဲ စစ်ပွဲဆင်နွှဲခဲ့သည့် ဘုရှ်ကို ဂျွန်အက်ဒွပ်ဝေဖန်

ဝါရှင်တန်　　စက်တင်ဘာ　　၁

ဒီမိုကရက်တစ်ပါတီမှ ဒုတိယသမ္မတလောင်းဖြစ်သည့် အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်အက်ဒွပ်က အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ မူဝါဒကို တနင်္လာနေ့က ဝေဖန်တိုက်ခိုက်လိုက်သည်။

ဘုရှ်အစိုးရသည် စနစ်ကျသည့် အနာဂတ်စီမံချက်မရှိဘဲနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ် နိုင်ငံသို့ စေလွှတ်ကာ စစ်ဆင်နွှဲ တိုက်ခိုက်စေခြင်းဖြင့် ဇာတ်ရှုပ်ပေါ်လာစေရန် မီးမွှေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သမ္မတဘုရှ်သည် မှားယွင်းသော သုံးသပ်ချက်နှင့် တွက်ချက်မှုများဖြင့် အီရတ်စစ်ပွဲကို ဆင်နွှဲခဲ့ကြောင်း အက်ဒွပ်က မြောက်ကာရိုလိုင်းနား တက္ကသိုလ်တွင် မဲဆွယ် စည်းရုံးဟောပြောခဲ့ရာ၌ ထည့်သွင်း ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်ပြီးနောက် ဖြစ်ပေါ်လာမည့် အခြေအနေများကို သမ္မတဘုရှ်က မှားယွင်းတွက်ချက်ခဲ့ကြောင်း နယူးယောက်တိုင်းမ် သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင်ပြောကြားခဲ့သည်ကိုအက်ဒွပ်က ရည်ညွှန်း ပြောကြားသည်။

ပြောကြား

သမ္မတဘုရှ်သည် အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ပွဲဆင်နွှဲရာတွင် မဆုတ်မနစ် ဆောင်ရွက်သည့် ခေါင်းဆောင်တစ်ဦးအဖြစ် ရီပတ်ဗလီကန်အမတ်များက ရီပတ်ဗလီကန်ပါတီညီလာခံ ကျင်းပစဉ်က ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ညွှန်းဆို

အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲသည် မည်သည့်အခါမျှ အောင်ပန်းဆင်နိုင်မည်မဟုတ်ကြောင်း တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် သမ္မတဘုရှ်၏ ပြောကြားချက်ကို ရည်ညွှန်း ပြောကြားခြင်းဖြစ်သည်။

ယင်းစစ်ဆင်နွှဲမှုအပေါ် ရှုံးနိမ့်ပြီဟု ကြေညာရန် အချိန်မဟုတ်သေးကြောင်း၊ နိုင်အောင်တိုက်ရေးမှာလည်း မလွယ်လှကြောင်း၊ မြန်မြန်ဆန်ဆန်လည်း တိုက်ခိုက်မှုမပြုနိုင်ကြောင်း၊ သို့ရာတွင် အမေရိကန်ပြည်ထောင်စု ပိုမို လုံခြုံဘေးကင်းစေရေးအတွက် ပြည့်စုံလုံလောက်သည့် ရေရှည် အစီအစဉ် မိမိတို့တွင် ရှိနေကြောင်း အက်ဒွပ်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်လွှတ်တော်အနီး၌ ပေါက်ကွဲမှုများဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ် ကြားဖြတ်လွှတ်တော်ဖွင့်ပွဲ ကျင်းပမည့် နေရာအနီးတွင် ဗုဒ္ဓဟူးနေ့က ပေါက်ကွဲမှုငါးကြိမ် ဖြစ်ပွားပြီး အီရတ်အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုများသည် အခိုင်အခံ့တည်ဆောက်ထားသည့် အစိမ်းရောင်နယ်မြေ ခြံဝင်းပြင်ပအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

စုဝေးရောက်ရှိ

အဆိုပါ ခြံဝင်းတွင် လွန်ခဲ့သည့်လက ရွေးချယ်ခဲ့သည့် ကိုယ်စားလှယ် ၁၀၀ ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ဖွင့်ပွဲအတွက် စုဝေးရောက်ရှိနေကြသည်။

ပစ်ခတ်

ပေါက်ကွဲမှုများ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ရှင်းလင်းပြတ်သားစွာ မသိရသေးကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သို့ရာတွင် အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်ကြားဖြတ်အစိုးရနှင့် အမေရိကန် သံရုံးတို့ တည်ရှိရာ အစိမ်းရောင် နယ်မြေအတွင်း စိန်ပြောင်းများဖြင့် မကြာခဏဆိုသလို ပစ်ခတ် တိုက်ခိုက်လေ့ရှိသည်။

အသေးစိတ်မသိရသေး

အဆိုပါ ပေါက်ကွဲမှု အသေးစိတ်အချက်အလက်များ မရရှိသေးကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

သေဆုံး

လွန်ခဲ့သည့်လက လွှတ်တော်ကို ရွေးချယ်တင်မြှောက်ရန် အီရတ်နိုင်ငံတစ်ဝန်းမှ ကိုယ်စားလှယ် ၁၃၀၀ဦး ရောက်ရှိခဲ့ချိန်က အီရတ်ခုခံ တိုက်ခိုက်ရေးသမားများသည် အစည်းအဝေး ကျင်းပရာနေရာကို စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အနီးတစ်ဝိုက်ရှိ အီရတ် အရပ်သားနှစ်ဦး သေဆုံးခဲ့သည်။

အင်တာနက်။

နေရာယူ

ဘဂ္ဂဒက်မြို့တော် ဆာဒါစီးတီး ဒေသတွင် အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်ရန် နေရာယူနေကြသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေး သမားများကို ဩဂုတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်လက်နက်ကိစ္စ သတင်းရေးသားခဲ့သူ ဘီဘီစီဝန်ထမ်းဟောင်း

ဗြိတိသျှအစိုးရကို ပြင်းထန်စွာဝေဖန်

အီဒင်ဘာရာ ဩဂုတ် ၃၁

ဘီဘီစီ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ အင်ဒရူးဂီလီဂန်သည် ဝန်ကြီးချုပ် တိုနီဘလဲ၏ ဗြိတိသျှအစိုးရနှင့် ဘီဘီစီ အုပ်ချုပ်ရေးအဖွဲ့ကို စနေနေ့က ပြင်းထန်စွာ ဝေဖန်ပြောကြားလိုက်သည်။

အင်ဒရူးဂီလီဂန်က လော့ဒ်ဟတ်တန် အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက် ရာထူးမှနုတ်ထွက်ပေးခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အများပြည်သူ ရှေ့မှောက်ထွက်ပြီး ဗြိတိသျှအစိုးရနှင့် ဘီဘီစီ တာဝန်ရှိသူတို့အား ဝေဖန်ပြောဆိုခြင်းဖြစ်သည်။

အံ့ဩ

ယခုအခါ မိမိ၏ အစီရင်ခံစာချက်မှာ ဒေါသထွက်ခြင်း မဟုတ်ဘဲ အစိုးရ၏ အရှက်မရှိလုပ်ရပ်အပေါ် အံ့ဩရခြင်းပင်ဖြစ်ကြောင်းဖြင့် ၎င်းက အီဒင်ဘာရာ၌ ပြုလုပ်သော စက်မှုညီလာခံတွင် ပြောကြားလိုက်သည်။

အကျပ်ဆိုက်ခဲ့

အီရတ်နိုင်ငံတွင် ပိတ်ပင် တားမြစ်လက်နက်များ၏ အထောက်အထားကို ဗြိတိသျှအစိုးရက လူစိတ်ဝင်စားအောင် ဖန်တီးခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ဂီလီဂန်၏ သတင်းကြောင့် သတင်းပေါက်ကြားသူ သိပ္ပံပညာရှင် ဒေးဗစ်ကယ်လီ ကိုယ့်ကိုယ်ကို သတ်သေသည်အထိ ကွင်းဆက်များ ဖြစ်ပေါ်စေပြီး ဘီဘီစီ သမိုင်းတွင် အကြီးမားဆုံး အကျပ်အတည်း ဆိုက်ရောက်စေခဲ့သည်။

စုံစမ်းစစ်ဆေးရေး ကော်မတီဥက္ကဋ္ဌ လော့ဒ်ဟတ်တန်က အစိုးရအပေါ် ထိန်းထိန်းသိမ်းသိမ်း သုံးသပ်ပြီး ဘီဘီစီကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီးနောက် ဘီဘီစီညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက်၊ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေးဗီနှင့် ဂီလီဂန်ကိုယ်တိုင် ရာထူးမှ ထွက်ပေးခဲ့ကြရသည်။

ဝန်ခံ

အီရတ်လက်နက်ကိစ္စ အစိုးရ၏ အမှုတွဲနှင့်ပတ်သက်၍ မိမိက သတင်းဖော်ပြရာတွင် အမှားအယွင်းအချို့ပြုမိကြောင်း ဂီလီဂန်က ဝန်ခံသည်။

မိမိအနေဖြင့် ထိုအကျပ်အတည်းတွင် တာဝန်လုံးဝမရှိဟု မဆိုလိုကြောင်း၊ သို့သော် အဓိကပြဿနာမှာ လော့ဒ်ဟတ်တန်၏ တစ်ဖက်သတ်ဘက်လိုက် ဆုံးဖြတ်မှုနှင့် ဘီဘီစီ တာဝန်ရှိသူများ၏ လိုအပ်သည်ထက် ပိုမို တုံ့ပြန်မှုတို့ ပေါင်းစပ်သွားသည့် အကျိုးဆက်ပင်ဖြစ်ကြောင်း ၎င်းက ဝေဖန်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဖွံ့ဖြိုးရေးအတွက်သုံးမည့် ရန်ပုံငွေအချို့ကို လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စတွင် သုံးစွဲရန် ကန်စဉ်းစားနေရပြီ

ဝါရှင်တန်　　စက်တင်ဘာ　　၁

အီရတ်နိုင်ငံ၏ ပြည်သူ့အကျိုးပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲရန် လျာထားငွေများအနက် ရန်ပုံငွေပမာဏ အမေရိကန်ဒေါ်လာသန်း ၃၃၄၀ ကို လုံခြုံရေးလုပ်ငန်းများတွင် လွှဲပြောင်းသုံးစွဲရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက စဉ်းစားလျက်ရှိကြောင်း တနင်္လာနေ့က သတင်းများ ထွက်ပေါ်လာသည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန် ကွန်ဂရက်သည် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၁၈၄၀၀ ကို ခွင့်ပြုပေးထားပြီးဖြစ်သည်။ သမ္မတဘုရှ်၏ အစိုးရက အဆိုပါ ရန်ပုံငွေများကို အဆောတလျင်လိုအပ်နေကြောင်း ပြောဆိုကာ တောင်းခံခဲ့သော်လည်း ယခုအချိန်တိုင်အောင် ထိုငွေများထဲမှ အနည်းအကျဉ်းကိုသာ သုံးစွဲရသေးကြောင်း သိရသည်။ ထိုသို့ဖြစ်ရသည်မှာ အကြောင်း အချက်နှစ်ခုကြောင့်ဖြစ်၏။ ပထမအချက်မှာ အီရတ်၌ ဖြစ်ပေါ်နေသော လုံခြုံရေး အခက်အခဲပြဿနာဖြစ်ပြီး ဒုတိယအချက်မှာ ဗျူရိုကရေစီယန္တရား၏ အနှောင့်အယှက်များကြောင့် ကြန့်ကြာနေရခြင်းဖြစ်သည်ဟု ဆိုသည်။

ပြောင်းလဲသုံးစွဲရန် တောင်းခံထားသော အမေရိကန်ဒေါ်လာ သန်း ၃၃၄၀ ကို မူလက အီရတ်နိုင်ငံ ရေပေးဝေရေးလုပ်ငန်း၊ မိလ္လာသန့်ရှင်းရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများ၌ သုံးစွဲရန် စီမံထားခဲ့သည်။ သို့ရာတွင် ယခုအခါ အဆိုပါငွေကြေးများကို လုံခြုံရေးကိစ္စများ၌ ပြောင်းလဲသုံးစွဲရန် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး နီဂရိုးပွန်တီက ထောက်ခံတင်ပြထားသည်။

၎င်းက အကြောင်းပြချက်လည်း ဖော်ပြထားသည်။ နီဂရိုးပွန်တီ၏ အဆိုအရ လုံခြုံရေးပိုကောင်းလာလျှင် ရေနံပိုမိုထုတ်လုပ်လာနိုင်မည်။ ထိုအခါ ရေနံမှရငွေကြောင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ရန် အခွင့်အရေးများရရှိလာမည်ဟု အကျိုးအကြောင်းဖော်ပြထားကြောင်း အမေရိကန်မှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်ဟု သိရသည်။

နီဂရိုးပွန်တီသည် အီရတ်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင် ၄၅၀၀၀၊ နယ်ခြားလုံခြုံရေးအစောင့် ၁၀၀၀၀ နှင့် အမျိုးသားကာကွယ်ရေး တပ်ရင်း ၂၀ တို့ ဖွဲ့စည်းသွားရန်လည်း ရည်ရွယ်ခဲ့ကြောင်း သိရသည်။ အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ တစ်ဖွဲ့တွင် လူအင်အား ၇၀၀ မှ ၉၀၀ အထိ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အထက်ပါအတိုင်း အီရတ်နိုင်ငံ တည်ဆောက်ရေးကိစ္စများတွင် ရန်ပုံငွေ လွှဲပြောင်းသုံးစွဲရန်ကိစ္စ ပေါ်ပေါက်နေကြောင်းကို ဩဂုတ် ၃၀ ရက်တွင် ဝေါလ်စထရိတ်ဂျာနယ်က ပထမဦးဆုံး ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပြောင်းလဲသုံးစွဲမည်ဆိုပါက အမေရိကန်သမ္မတ အိမ်ဖြူနှင့် ကွန်ဂရက်တို့၏ ထောက်ခံမှုကို ဦးစွာရယူရန် လိုအပ်မည်ဖြစ်သည်။

ဒီမိုကရက်တစ်ပါတီဝင် အများအပြားနှင့် ရီပတ်ဗလီကန်ပါတီဝင်များသည် ဘုရှ်အစိုးရသည် အီရတ်စစ်ပွဲကို ဆင်နွှဲရာ၌ ကြုံလာမည့်အခက်များကို လျှော့တွက်ပြီး အကောင်းမြင်လွန်းသည်ဟူ၍ စွပ်စွဲပုတ်ခတ်ကြသည်။ ပြီးခဲ့သောနှစ် နိုဝင်ဘာ ၆ ရက်တွင် အမေရိကန်သမ္မတ ဘုရှ်သည် အီရတ်အတွက် အမေရိကန် ဒေါ်လာသန်း ၈၇၀၀၀ သုံးစွဲရန် ခွင့်ပြုခဲ့ပြီးဖြစ်၏။ ထိုငွေများကို အီရတ်နှင့် အာဖဂန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သည်။ ထိုငွေများတွင် အီရတ်ပြန်လည်ထူထောင်ရေးတွင် သုံးစွဲမည့် အမေရိကန်ဒေါ်လာသန်း ၁၈၄၀၀ လည်း အပါအဝင်ဖြစ်သည်။ ***အင်တာနက်။***

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ဘုရှ်ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဖမ်းဆီးထားသည့် ပြင်သစ်ဓားစာခံနှစ်ဦး လွတ်မြောက်ရေး ပြင်သစ်သမ္မတက နိုင်ငံခြားရေးဝန်ကြီးကို စေလွှတ်

နိုင်ငံတကာသတင်းများ

ပါရီ ဩဂုတ် ၃၀

အီရတ်၌ ဓားစာခံအဖြစ် အဖမ်းခံနေရသော ပြင်သစ်သတင်းစာဆရာနှစ်ဦး လွတ်မြောက်ရေးကိစ္စကို အဆောတလျင် ဆောင်ရွက်ရန် ပြင်သစ်သမ္မတဂျက်ရှီရက်သည် ၎င်း၏နိုင်ငံခြားရေးဝန်ကြီးကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်လိုက်သည်။ အစ္စလမ္မစ်တပ်ဖွဲ့ဟု ခေါ်တွင်သော အုပ်စုက ဖမ်းဆီးထားသော ပြင်သစ်သတင်းသမားများကို ပြန်လွှတ်ပေးရန် သမ္မတက တောင်းဆိုလိုက်သည်။

သတင်းသမားနှစ်ဦးတို့နှင့်ပတ်သက်သော သတင်းအစအနကို မိမိတို့ မရရှိသေးကြောင်း ပြင်သစ် သမ္မတက ပြောကြားသည်။

အဖမ်းခံရသော ပြင်သစ်သတင်းထောက်နှစ်ဦးမှာ ပြင်သစ် ရေဒီယိုမှ ခရစ္စတင်းချက်နော့သ်နှင့် ပြင်သစ်သတင်းစာ လီဖီဂါရိုမှ သတင်းထောက် ဂျော့မယ်ဘရူနော့သ်တို့ ဖြစ်သည်။ ၎င်းတို့မှာ ပြီးခဲ့သောကိုးရက်ကတည်းက ပျောက်ဆုံးနေခဲ့ခြင်း ဖြစ်သည်။

လွတ်မြောက်ရေး

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ် ဘာနီယာသည် အရှေ့အလယ်ပိုင်းဒေသသို့ ချက်ချင်းထွက်ခွာမည်ဖြစ်ပြီး ပြင်သစ်သတင်းသမားများ လွတ်မြောက်ရေးအတွက် လိုအပ်သောအဆက်အသွယ်များ ရှာဖွေညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတဂျက်ရှီရက်က ပြောကြားသည်။ ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးသည် အီဂျစ်သို့ ဦးစွာဝင်ရောက်၍ ဆောင်ရွက်ဖွယ်ရှိသည်များ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

ပြင်သစ်သတင်းသမားများကိုဖမ်းဆီးသောအဖွဲ့သည် အီတလီသတင်းသမားများ ဓားစာခံအဖြစ် ဖမ်းဆီးပြီးနောက်ပိုင်း၌ သတ်ဖြတ်ပစ်ခဲ့သောအဖွဲ့နှင့် တစ်ဖွဲ့တည်းဖြစ်သည်ဟုဆိုသည်။ ယခု ပြင်သစ်သတင်းသမားနှစ်ဦး၏ ကိစ္စတွင် ပြင်သစ်ရှိ မွတ်စလင်ခေါင်းဆောင်များသည် ပြင်သစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စည်းလုံးနေကြပြီဖြစ်

ပြင်သစ်သတင်းသမားများ လွတ်မြောက်လာရေးကိစ္စသည် ကျွန်ုပ်တို့နိုင်ငံသားများ တန်ဖိုးထားမြတ်နိုးသော သတင်းလွတ်လပ်ခွင့်၊ မိမိဆန္ဒ လွတ်လပ်စွာဖော်ပြခွင့်များကို ထိပါးသောကိစ္စဖြစ်သည်။ သို့ဖြစ်၍ ယခုကိစ္စတွင် ပြင်သစ်တစ်နိုင်ငံလုံးသည် တစ်စိတ်တည်း သဘောတည်းစည်းလုံးနေကြပြီဖြစ်ကြောင်း ဂျက်ရှီရက်ကဆိုသည်။

ပြင်သစ်နိုင်ငံသည် လူ့အခွင့်အရေး၏ ဘူမိနက်သံမှန်ရာနယ်မြေဖြစ်သည်။ ပြင်သစ်သည် စိတ်ရှည်သည်းခံသူတို့၏ နိုင်ငံဖြစ်သည်။ တရားမျှတမှု၊ အပြန်အလှန်လေးစားမှုနှင့် လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်များကို မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်း ဥပဒေအရပင် လေးစားလိုက်နာကြပြီဖြစ်သည်။ ထိုစံတန်ဖိုးများနှင့်အညီ ပြည်တွင်းနှင့်ပြည်ပနှစ်ဌာနစလုံး၌ ကျင့်သုံးသည်။ ပြင်သစ်၏ အီရတ်မူဝါဒသည်လည်း ထုံးစံများနှင့်အညီပင် ဖြစ်သည် စသည်ဖြင့် ပြောကြားရင်း ပြင်သစ်သမ္မတက မွတ်စလင်ခေါင်းဆောင်များကိုပါ ထိုသဘောထားအတိုင်း တစ်သံတည်းရှိသည့်အတွက် ချီးကျူးပြောကြားသွားကြောင်း သိရသည်။

ပြင်သစ်သတင်းသမားများကိစ္စနှင့်ပတ်သက်၍ ပြင်သစ်ဝန်ကြီးချုပ် ဂျင်းပီရီသည် ပြည်ထဲရေးဝန်ကြီး ဒိုမီနီကွေးဒီဗီလီပင်၊ နိုင်ငံခြားရေးဝန်ကြီး ဘာနီယာ၊ ပညာရေးဝန်ကြီး ဖရန်ကိုစီဖီလွန်တို့အပြင်အခြား ထိပ်ပိုင်းကက်ဘိနက်အဖွဲ့ဝင်များနှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘာကူဘာမြို့အနီးတွင် ရေနံပိုက်လိုင်း မီးလောင်ကျွမ်းနေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂရိနိုင်ငံ အေသင်မြို့တွင် အိုလံပစ်အားကစားပွဲသို့ တက်ရောက်မည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်၏ ခရီးစဉ်ကို ဆန့်ကျင်ဆန္ဒပြနေသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ဩဂုတ် ၂၇ ရက်က ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ရေနံတင်ပို့ရောင်းချမှုကျဆင်း၊ ကန်တွင်ရေနံဈေးနှုန်းမြင့်တက်

လန်ဒန် ဩဂုတ် ၃၁

အီရတ်နိုင်ငံ၏ ပြည်ပသို့ တင်ပို့သည့် ရေနံပိုက်လိုင်းများ ဖျက်ဆီးတိုက်ခိုက်ခံရပြီးနောက် အီရတ်နိုင်ငံ၏ ပြည်ပရေနံတင်ပို့သော ဈေးနှုန်းများသည် သာမန်ဈေးနှုန်းအောက် ၃၀ ရာခိုင်နှုန်းကျော် ကျဆင်းနေစဉ် အမေရိကန် ပြည်ထောင်စု၏ ရေနံဈေးနှုန်းများမှာ တနင်္လာနေ့တွင် မြင့်တက်လာခဲ့သည်။

မြင့်တက်

အမေရိကန်ပြည်ထောင်စု၏ ရေနံစိမ်းဈေးနှုန်းမှာ ဩဂုတ်လအတွင်း တစ်ပီပါလျှင် ဒေါ်လာ ၄၉ ဒသမ ၄၀ မြင့်တက်ရာမှ ခြောက်ဒေါ်လာကျော် ကျဆင်းခဲ့ပြီးသည့်နောက် ရေနံတစ်ပီပါ၏ ဈေးနှုန်းသည် ၂၉ ဆင့်တက်သွားရာ ၄၃ဒသမ၄၇ဒေါ်လာဖြစ်သွားသည်။

ကျဆင်း

အီရတ်နိုင်ငံ၏ ရေနံပြည်ပတင်ပို့မှုပမာဏသည်လွန်ခဲ့သည့်ရက်သတ္တပတ်က နေ့စဉ်ရေနံပီပါနှစ်သန်းရှိ ခဲ့ရာမှ ယခုအခါ နေ့စဉ်ရေနံပီပါ ၁ဒသမ ၄သန်းအထိကျဆင်းခဲ့ကြောင်း အီရတ်ရေနံဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားပြီး ဖျက်ဆီးခံရသည့် ရေနံပိုက်လိုင်းများ ပြန်လည်ပြင်ဆင်ရန် အတွက်ငါးရက်ကြာဦးမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ငြိမ်းသတ်

ရေနံပိုက်လိုင်းမှ ရေနံနှင့်ဓာတ်ငွေ့များ ယိုစိမ့်မီးလောင်ခဲ့ပြီးနောက် ရူမေလာရေနံမြေ တောင်ပိုင်းတွင် ရေနံပိုက်လိုင်း မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားများက တနင်္ဂနွေနေ့က ငြိမ်းသတ်ခဲ့ကြသည်။

အမေရိကန် ရေနံစိမ်းဈေးနှုန်း မြင့်တက်ခဲ့ပြီးနောက် လွန်ခဲ့သည့် ရက်သတ္တပတ်က ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ၂၀၀၃ ခုနှစ်ကုန်ပိုင်းရှိသည့် ဈေးနှုန်းထက် ၃၃ရာခိုင်နှုန်း မြင့်တက်နေသေးသည်။

ရည်ရွယ်ထား

ယခုနှစ်တွင် မြင့်မားနေသည့် ရေနံဈေးနှုန်းများ ကျဆင်းစေရေးအတွက် ကြိုးပမ်းသည့်အနေဖြင့် လာမည့်လများအတွင်း ရေနံနေ့စဉ်ပီပါ တစ်သန်းခန့်တိုးမြှင့်ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း ရေနံထုတ်လုပ်ရောင်းချသည့်နိုင်ငံများ (အိုပက်) အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယဓားစာခံများ လွတ်မြောက်ရေးကြိုးပမ်းနေဆဲ

ဘန်ဂလို ဩဂုတ် ၃၀

အီရတ်နိုင်ငံတွင် ဓားစာခံများအဖြစ် အဖမ်းခံထားရသည့် အိန္ဒိယနိုင်ငံသားသုံးဦး စောစီးစွာလွတ်မြောက်လာရေးအတွက် မျှော်လင့်ချက် အနည်းငယ်ရှိကြောင်း၊ အိန္ဒိယသံရုံးမှတာဝန်ရှိပုဂ္ဂိုလ်များသည် ၎င်းဓားစာခံများလွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် ဆက်သွယ်ဆောင်ရွက်နေကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး နတ်ဝါဆင်းက စနေနေ့က ပြောကြားသည်။ အိန္ဒိယနိုင်ငံသားဓားစာခံများလွတ်မြောက်ရေးအတွက် ကြိုးပမ်းနေသူများနှင့် မိမိတို့ ဆက်သွယ်မှုရှိနေကြောင်း နတ်ဝါဆင်းက သတင်းထောက်များအား ပြောကြားသည်။ ၎င်းတို့ လွတ်မြောက်ရေးအတွက် မျှော်လင့်ချက်အနည်းငယ်ရှိကြောင်း၊ ယင်းအချက်ထက် မိမိတစ်စုံတစ်ရာမပြောလိုကြောင်း ၎င်းကထုတ်ဖော်ပြောကြားသည်။

ကူဝိတ်နှင့်ပင်လယ်ကွေ့ပို့ဆောင်ရေးကုမ္ပဏီတို့က အီရတ်နိုင်ငံတွင်လုပ်ငန်းများရပ်ဆိုင်းရန် ဓားစာခံများ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးမည်ဟု ဆုံးဖြတ်ချက် ပေါ်ထွက်ပြီးနောက် အိန္ဒိယအစိုးရ၏ အရေးယူလုပ်ဆောင်ချက်နှင့်ပတ်သက်၍ သတင်းထောက်များက မေးမြန်းရာ နတ်ဝါဆင်းက ဝေဖန်ပြောကြားမှုမရှိပေ။ ယင်းပြဿနာသည် အမှားမခံ သိမ်မွေ့သည့်ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ လက်ရှိအချိန်မှာ နည်းနည်းပြောလေ ပိုကောင်းလေ အဆင့်မျိုးရောက်ရှိနေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အစ္စလမ္မစ်လျှို့ဝှက်တပ်မတော်ဟု အမည်ပေးထားသည့် အုပ်စုက အိန္ဒိယနိုင်ငံသားသုံးဦးအပါအဝင် ကုန်တင်ထရပ်ကား မောင်းသူများအား ပြန်ပေးဆွဲခဲ့ကြောင်း ထုတ်ဖော်ပြောကြားပြီး အီရတ်ရှိ အမေရိကန်ဦးဆောင် အပေါင်းပါ တပ်ဖွဲ့ဝင်များအား ထောက်ခံမှုရပ်သိမ်းရေးကို တောင်းဆိုခဲ့သည်။

အမ်အင်အေ၊ပီတီအိုင်။

အီရတ်တွင် သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်၏မိခင် စစ်ဆန့်ကျင်ရေး လှုပ်ရှားမှု စတင်မည်

လန်ဒန် ဩဂုတ် ၃၁

အီရတ်နိုင်ငံတွင် သေဆုံးသွားခဲ့ရသော စကော့တပ်ဖွဲ့ဝင်တစ်ဦး၏ မိခင်သည် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးနှင့် ရှေ့တန်းရောက် ဗြိတိသျှတပ်ဖွဲ့ဝင်များ ကာကွယ်စောင့်ရှောက်မှုရရှိရေးအတွက် လှုပ်ရှားသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂေါ်ဒွင်ဂျင်တယ်လ်(၁၉နှစ်)သည် လွန်ခဲ့သည့် ဇွန်လက အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ကြောင့် သေဆုံးခဲ့ရသည်။

ဗြိတိသျှကာကွယ်ရေးဌာနသည် ရှေ့တန်းရောက် တပ်ဖွဲ့ဝင်များအပေါ် အန္တရာယ်မကျရောက်ရေး ဂရုစိုက်မှုမရှိသဖြင့် မိမိ၏သားဖြစ်သူ သေဆုံးခဲ့ရသည်ဟု ယုံကြည်ကြောင်း သေဆုံးခဲ့သော တပ်ဖွဲ့ဝင်၏ မိခင်ဖြစ်သူ ရို့စ်ဂျင်တယ်လ်က ပြောကြားသည်။ မိမိတို့သည် စစ်ဆန့်ကျင်ရေးလှုံ့ဆော်နိုင်ရန်နှင့် ရှေ့တန်းရောက်တပ်ဖွဲ့ဝင်များ ၎င်းတို့၏ အထက်အရာရှိများ၏ လျစ်လျူရှုခံရမှုပပျောက်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်ကို အင်္ဂါနေ့တွင် စတင်မည်ဖြစ်ကြောင်း ရို့စ်ဂျင်တယ်လ်က ပြောကြားသည်။ သူမသည် ဂလပ်စဂိုမြို့မှဖြစ်သည်။ ရို့စ်ဂျင်တယ်လ်သည် သူမ၏သားဖြစ်သူ အီရတ်၌ သေဆုံးခဲ့ရခြင်းအတွက် ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနကို တရားစွဲဆိုရန် စီစဉ်နေသည်ဟု ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အကယ်၍ မိမိ၏သား လိုက်ပါလာသော တိုက်ကင်းအဖွဲ့တွင် အီလက်ထရွန်းနစ်အချက်ပြလှိုင်း တားဆီးသည့်ကိရိယာ တပ်ဆင်ထားခဲ့မည်ဆိုပါက ဗုံးပေါက်ကွဲမှုကိုရှောင်ရှားနိုင်လိမ့်မည်ဖြစ်ကြောင်း ရို့စ်ဂျင်တယ်လ်က ပြောကြားသည်။

အင်တာနက်။

65 5 04/3/9, 1:13 AM

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ပျက်စီးနေသည့် နေအိမ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မီးလောင်

အီရတ်နိုင်ငံ ဘာဆာရာမြို့၏ အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာ အယ်လ်ရက်ဂါမြို့တွင် တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ရေနံပိုက်လိုင်းများ မီးလောင်နေသည်ကို ဩဂုတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရတ်ခုခံရေးသမားများနှင့် ကန်တပ်ဖွဲ့ဝင်များ၏ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံကို ဩဂုတ် ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဩဂုတ် ၂၇ ရက်က ဘာကူဘာမြို့အနီးတွင် ရေနံပိုက်လိုင်းများ မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့တွင် ရက်သတ္တသုံးပတ်ကြာ တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံများကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဆေးဝါးကုသ

ဩဂုတ် ၂၆ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ မပို့မီ အရေးပေါ် ဆေးဝါးကုသပေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှုမငြီးသော မြန်မာ့သမီးပျိုကလေးများ

ခင်ကြူကြူတင်

ကဗျာဆန်သော၊ မဟာဆန်သော၊ မြန်မာဆန်သော သမီးလေးများရှုမငြီးပါ၊ ကြည့်မဝပါ။ ပီတိဝေဖြာ၍ ပြုံးနေသော၊ ကျေနပ်နေသော မိမိမျက်နှာကို ဓာတ်ပုံရိုက်၍ ကြွားချင်မိ၏။

ကြည့်ပါ၊ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်များ မဟုတ်၊ မော်ဒယ်လ်များမဟုတ်၊ အရုပ်သူလေးများ၊ ကျောင်းသူလေးများ၊ နိုင်ငံ့ဝန်ထမ်းသမီးလေးများ ရွေးချယ်တတ်ပါပေသည်။ ကျေးဇူးလည်း တင်ပါသည်၊ ဝမ်းမြောက်ဂုဏ်ယူပါသည်။

“လှမှာပေါ့ အမေရယ်၊ မင်းသမီးတွေ၊ မော်ဒယ်လ်တွေ ဝတ်ကြတာကို”ဟု အကြောင်းပြ၍ မရပါ။ မျက်နှာစိမ်း ရှက်ရွံ့ဟန်လေး စွက်ဖက်နေသည်ကပင် မြန်မာအမျိုးသမီးတို့၏သဘာဝ၊ နှိုင်းမရသော အလှဖြစ်သည်။ မခို့တရို့လေးနှင့်၊ ရှက်ပြုံးလေးနှင့်ဆိုသည်မှာ မြန်မာအမျိုးသမီးလေးတို့၏ ဣန္ဒြေသိက္ခာကို ဂုဏ်ပြုထားသော စကားဖြစ်သည်။

မြန်မာဝတ်စုံ၊ဝတ်စားဆင်ယင်မှု မည်သူနှင့်မျှ မတူ၊ တစ်မူထူးခြားသည်။ စွဲမက်ဖွယ်ကောင်းသည်။ ခေတ်ပေါ်ခေတ်အမြင်နှင့် တီထွင်ထားသောကြောင့် ပို၍ပို၍ လှပဆန်းသစ်နေသည်။ ခါးတင်လေးနှင့် ခါးပေါ်မှာကို မပူရ။ လက်ရှည်၊ လက်စက၊ လက်တို၊ လက်ပြတ် ဆင်တိုင်းယဉ်၍ ရှုတိုင်းလှသည်။ ငြင်းလို့မရ၊ သက်သေပြနေသည်။

ကိုယ်လုံးကိုယ်ထည်လေး ပေါ်ပေါ်လွင်လွင်နှင့် လှချင်သည်လား။ မြန်မာ့လုံချည် တင်းတင်းရင်းရင်း ဆွဲပတ်ဝတ်စေချင်သည်။ စကတ်ကျပ်ကျပ်ကောက်ညှင်းထုပ်သဖွယ် ရှိသည်။ ညိုးမှိန်ဖို့ မရှိပါ။ လက်ညိုးထိုး ကဲ့ရဲ့ခံရနိုင်စရာ ဟာကွက်မရှိပါ။

၁၄–၇–၂၀၀၄ ရက်နေ့ ညပိုင်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ထုတ်လွှင့်သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဝတ်စားဆင်ယင်မှုပြပွဲသည် မင်္ဂလာကျက်သရေ အပေါင်းနှင့် ပြည့်စုံပါသည်။ ကြိုဆိုပါသည်။ ပီတိပွား၍ ကြွားဝင့်ချင်ပါသည်။ ပရိသတ်ရင်ထဲ စွဲငြိစေပါသည်။ ရွေးချယ်မှုအတတ်ပညာ၊ ချုပ်လုပ်မှုအတတ်ပညာ၊ တီထွင်မှုအတတ်ပညာ၊ ကဗျာဆန်သော အနုပညာတို့ စုပေါင်းလိုက်သော် သမီးလေးများ၏ ရှုမငြီးသော အလှ၊ သဘာဝ၊ ယဉ်ကျေးသိမ်မွေ့သော ကိုယ်နေဟန်ထား၊ မြန်မာဆန်သော မျက်နှာမူယာ၊ ပျော့ပျောင်းနူးညံ့သော လှုပ်ရှားမှုလေးများသည် မြန်မာ့ဟန် မြန်မာ့မူ အစစ်အမှန်ဖြစ်ပါ၏။ အတုယူကြစေချင်၊ ဂုဏ်ယူစေချင်ပါသည်။

မြန်မာတို့ ဆိုရိုးစကားရှိပါသည်။ “သည်ခရီး သည်ထီးနှင့်၊ သည်လမ်း သည်ပန်းနှင့်၊ သည်အရပ် သည်ဖိနပ်နှင့်”

အားလုံးပြည့်စုံအောင် ပြောဆိုဆုံးမ ညွှန်ပြထားပါသည်။ မိမိသည် သူတကာ အံ့သြငေးမောအားကျဖွယ်ရာ သိက္ခာရှိရှိ အသိကြွယ်ကြွယ် မြန်မာအမျိုးသမီးလေးဟု ဂုဏ်ယူနိုင်ဖို့ လိုပါသည်။

မိမိအလှ မိမိသဘာဝ မြန်မာ့ဝတ်စား ဆင်ယင် ထုံးဖွဲ့မှု ကို စိတ်ချစေချင်ပါသည်။ ခေတ်မီသစ်ဆန်း၍ မြန်မာ့မူဟန် မပျောက်သော တီထွင်မှုများကို ကြိုဆိုပါသည်။

စည်းနှောင် ရစ်ပတ်ထားသော (လှသည်၊ ကိုယ်လုံးပေါ်သည်ဟု ထင်နေကြသော) ဝတ်ဆင်မှုနှင့် လွန်စွာခြားနားသည်။

အင်မတန်ချပ်ရပ် သေသပ်စွာ ကိုယ်လုံးအလှလေးကို မြတ်နိုးဖွယ် မြင်တွေ့နိုင်သည်။ အလှတွင် အယဉ်ဆင့်၍ အတင့်တယ်ကြီး တင့်တယ်သည်။ မြင်အောင်ကြည့်၍ အလှစစ်ကို ခံစားစေချင်သည်။ အလှ သည် အလှဖြစ်သည်။ လှပအောင်ခြယ်မှုန်း၊ ပေါ်လွင် ထင်ရှားအောင် ပြုပြင်၊ မြင်သူတကာ စိတ်ဝင်စားအောင်ပြင်ဆင်လို့ရသည်။ အယဉ်သည် ကြည့်သူရင်ထဲ စွဲငြိအောင်၊ မမေ့နိုင်အောင် သိမ်မွေ့ယဉ်ကျေးသော ကိုယ်ဟန်မူယာ လှုပ်ရှားဟန်၊ ကိုင်းညွတ်ဟန်လေးများသည် မြန်မာ့မူပိုင်ဖြစ်ပါသည်။ အလှတွင် အယဉ်ဆင့်တော့ မုဒိတာတရားနှင့် ခံစားနိုင်ပါသည်။

မြန်မာသည် ကိုယ်ပိုင်ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အရည်အသွေးနှင့် ပြည့်စုံပြည့်ဝသော လူမျိုးဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဝတ်စားဆင်ယင်မှုမှ ဆက်နွယ်၍ မြန်မာတို့၏ ဂုဏ်ရောင်ထွန်းပြောင်ဖို့သာ ပြေးခုန်ပစ် လှုပ်ရှားအားကစားနေသောကာလများ၊ နိုင်ငံ့ဂုဏ်ဆောင်ရသော အချိန်များတွင် ဝတ်စားဆင်ယင်မှုကို ငြင်းဖွယ်မရှိပါ။ သူ့ခရီး၊ သူ့စခန်း၊ သူ့လမ်းကို ပြောပြီးဖြစ်ပါသည်။

ကိုယ်ပိုင်အချိန်၊ ကိုယ်ပိုင်လှုပ်ရှားမှု၊ ပင်ကိုဟန်နှင့် သွားလာနေထိုင်ရသည့် အချိန်တွေအများကြီး ရှိပါသည်။

မိမိအလှ မိမိသဘာဝ မြန်မာ့ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို စိတ်ချစေချင်ပါသည်။ ခေတ်မီသစ်ဆန်း၍ မြန်မာ့မူဟန် မပျောက်သော တီထွင်မှုများကို ကြိုဆိုပါသည်။ အန္တရာယ်ကင်းပါသည်။အန္တရာယ်ကို မဖိတ်ခေါ်ပါ။ အယဉ်ဆင့်၍ တင့်တယ်သော ဝတ်စားဆင်ယင်မှုဖြစ်သည်။

ဣန္ဒြေသိက္ခာရှိသော၊ အန္တရာယ်ကင်းသော၊ လေးစားဖွယ်ဖြစ်သော မြန်မာ့အလှ၊ မြန်မာ့ ယဉ်ကျေးမှု၊ မြန်မာ့ဝတ်စားဆင်ယင်မှုကို အလေးအနက် ယုံကြည်စေချင်သည်။ လှပြီးရင်း လှဖို့သာ ရှိပါ၏။

ရှုမငြီးသော မြန်မာ့သမီးပျိုလေးများအဖြစ် ဂုဏ်ယူဝင့်ကြွား ပီတိပွားကြစေချင်ပါသည်။ ပွားချင်ပါသည်။ ။

စက်တင်ဘာ ၂ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညည့်ခံပွဲသို့ တက်ရောက်ရာ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေသန့် ပိုမိုသုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)၏ လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်စစ်ဆေးသည်။

မြို့တော်ဝန်အား လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး၊ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်တို့က လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းပြသသည်။

ရှေးဦးစွာမြို့တော်ဝန်သည်ရေတတစ်ကျေးရွာရှိ ရေယူအဆောက်အအုံတည်ဆောက်နေမှု၊ လှည်းကူးမြို့နယ် ကျောက်အိုင်ကျေးရွာ၊ ချောင်းဝကျေးရွာအနီးတို့မှ ငမိုးရိပ်ဆည်လက်ယာတူးမြောင်းဖြတ် အမှတ်(၁)နှင့် အမှတ်(၂) ရေထုတ်ပြွန် Syphon တည်ဆောက်နေမှုများကို ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)** ထို့နောက်မြို့တော်ဝန်သည် ရှင်းလင်းဆောင်ဒ အင်ဂျင်နီယာများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ ယခုဆောင်ရွက်နေသော ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)အား သတ်မှတ်ချိန် ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ရန်နှင့် လက်ရှိဖြန့်ဝေနေသော ရေဂါလန် တစ်နေ့ ၉၅သန်းအပြင် ငမိုးရိပ် ရေပေးဝေရေး စီမံကိန်းမှ တစ်နေ့ရေဂါလန် သန်း ၁၄၀ရန်ကုန်မြို့တော်သို့ ထပ်မံဖြန့်ဝေနိုင်ရန် မှာကြားပြီး လုပ်ငန်းများအား စံချိန်စံညွှန်းကောင်းမွန်စေပြီး သတ်မှတ်ချိန်နှင့် တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားခဲ့သည်။ (၁၉)

အထက(၁)လမ်းမတော် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၉ရက်က ကျောင်းစွမ်းအားခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက တက္ကသိုလ်ဝင်စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင်မောင်ရွှေပိုင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

လက်ခံရယူ

အမှတ်(၁၄၇၅) မင်းရဲကျော်စွာလမ်း (၄၂)ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဗိုလ်မှူးစိုးနိုင်ထွန်း(ငြိမ်း)–ဒေါ်တင်တင်မြ၊သားမောင်ဝင်းကျော်စိုး၊ မောင်ထွန်းဇော်စိုး၊ သမီး မအိအိစိုး၊မပြည့်ပြည့်စိုး၊ မြေး မောင်ပြည့်ပိုင်စိုး မိသားစုက ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀၀၀၀၀ကို ဩဂုတ် ၂၉ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။ (က–ပ)

ဩဂုတ်၂၈ရက်က ရန်ကင်းမြို့နယ် အလက(၂)၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကိုကျင်းပရာ သူငယ်တန်းမှ ပထမဆုရရှိသူ မဆုမြတ်နိုး အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဦး ဆုချီးမြှင့်စဉ်။ (က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

* ရှေ့ဖုံးမှ

ည်းပြမျာ်းနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅) သင်တန်းဖွင့်ပွဲတွင် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အနာဂတ်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းလူ့အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေသော အခြေခံပညာမှ ဆရာ၊ ဆရာမများအနေဖြင့် ယခုကဲ့သို့ မွမ်းမံသင်တန်းများ တက်ရောက်ရသည့်အကြောင်းရင်းကို ပြန်လည်သုံးသပ်စစ်ကြည့်မည်ဆိုလျှင် နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေများ၊ ကမ္ဘာ့နိုင်ငံများ၏ တိုးတက်မှုအခြေအနေများနှင့် မြန်မာ့ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုအခြေအနေများကို အမှန်အတိုင်း၊ ပကတိအတိုင်း တက်စပ်လေ့လာနားလည်သိရှိပြီး ကျောင်းဆရာများ၏ ထမ်းဆောင်ရမည့်၊ ထမ်းဆောင်ထိုက်သည့် မှန်မြတ်သော အခန်းကဏ္ဍကို တန်ဖိုးရှိရှိ၊ ထိုက်ထိုက်တန်တန် ပိုမိုရှင်းရှင်းလင်းလင်း သိမြင်ခံယူနိုင်ရန်နှင့် လက်တွေ့အလုပ်လုပ်နိုင်ရန်တို့အတွက် ယခုကဲ့သို့ မွမ်းမံသင်တန်းမျိုးကို တက်ရောက်လာရခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြောင်းလဲတိုးတက်

ယနေ့ခေတ်၊ ယနေ့ကာလသည် သိပ္ပံနှင့်နည်းပညာရပ်များ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့်ကာလ၊ အထူးသဖြင့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ(IT)မှာ အံ့မခန်းတိုးတက်နေသည့်ကာလဖြစ်ကြောင်း၊ ကမ္ဘာကြီးတစ်ခုလုံးမှာလည်း အတိုင်းအဆမရှိသည့် အရှိန်အဟုန်ဖြင့် ဆက်စပ်ယှက်နွယ် တိုးတက်ပြောင်းလဲလာလျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာကြီးမှာ အလွန်ကျဉ်းမြောင်းလာပြီး (Global Village)ကျေးရွာကဲ့သို့ ဖြစ်နေပြီဟု တင်စားပြောဆိုလာနေကြပြီဖြစ်ကြောင်း။

ကျောင်းသား၊ကျောင်းသူများ၏ သင်ယူတတ်မြောက်လိုမှု ရှာဖွေစူးစမ်းလိုမှုတို့ကို အားပေးမြှင့်တင် ပြဋ္ဌာန်းစာအုပ်များ အလွတ်ကျက်စေပြီး သင်သောနည်းသည် ခေတ်စနစ်တိုးတက်ရေး လုံလောက်မှုမရှိ

အမှန်တကယ်လည်း ကမ္ဘာ့အစိတ်အပိုင်းတစ်ခု၏ ဖြစ်ပျက်မှုတစ်ခုကို ကျန်ကမ္ဘာ့အစိတ်အပိုင်းအားလုံးက နာရီပိုင်းမျှအတွင်း ကြားနိုင်၊ မြင်နိုင်၊ သိနိုင်သည့် အခြေအနေရောက်နေပြီဖြစ်ကြောင်း၊ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဝေးနေသည့် ခရီးမိုင်များမှာလည်း အကန့်အသတ်မဟုတ်တော့သည့် အခြေအနေမျိုးဖြစ်လာကြောင်း။

ထို့ကြောင့် လူသားတို့၏ တီထွင်ကြံဆဖန်တီးမှုများကြောင့် နည်းပညာအသစ်များနှင့် လွှမ်းခြုံနေသည့် သတင်းနှင့်ဆက်သွယ်ရေးခေတ်ကို ရောက်ရှိနေပြီဆိုသည်ကို သံသယမရှိ အပြည့်အဝ နားလည်ခံယူနိုင်ကြရန် အထူးအရေးကြီးကြောင်း။

သုံးသပ်ပြုပြင်

ယင်းသို့ ပြောင်းလဲတိုးတက်နေသည့် ခေတ်၌ ကမ္ဘာ့နိုင်ငံတိုင်းသည် အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် ပညာတတ်နိုင်ငံသားများ မွေးထုတ်ရန်အတွက် ပညာရေးစနစ်များကို နိုင်ငံအလိုက် ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ မရပ်မနားပြုလုပ်နေကြပြီဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေမျိုး၌ အကြောင်းအမျိုးမျိုးကြောင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေရသော မိမိတို့နိုင်ငံကို အမြန်ဆုံး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာအောင် ကြိုးပမ်းတည်ဆောက်သည့်နေရာ၌ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဘက်စုံကဏ္ဍစုံမှ ပြန်လည်ပြုပြင်ပြောင်းလဲမှုများကို တစ်ပြိုင်တည်း လုပ်ကိုင်ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်ကို တာဝန်ယူနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် တိုင်းပြည်ကို တည်ငြိမ်အေးချမ်းအောင် အချိန်ကာလ အတိုင်းအတာ အကန့်အသတ်ဖြင့် တာဝန်ယူ လုပ်ဆောင်ရသည့် အိမ်စောင့်အစိုးရပုံစံမျိုး မဟုတ်ဘဲ၊ တိုင်းပြည်ကိုခေတ်သစ် စနစ်သစ်တစ်ရပ်သို့ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်အောင် တာဝန်ယူ လုပ်ကိုင်နေရသည့် အစိုးရမျိုးဖြစ်။

အိမ်စောင့်အစိုးရမဟုတ်

ထို့ကြောင့် ယနေ့နိုင်ငံတော်ကို တာဝန်ယူနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် တိုင်းပြည်ကိုတည်ငြိမ်အေးချမ်းအောင် အချိန်ကာလ အတိုင်းအတာ အကန့်အသတ်ဖြင့် တာဝန်ယူလုပ်ဆောင်ရသည့် အိမ်စောင့်အစိုးရပုံစံမျိုး မဟုတ်ဘဲ တိုင်းပြည်ကိုခေတ်သစ် စနစ်သစ်တစ်ရပ်သို့ ချောမွေ့စွာအသွင်ကူးပြောင်းနိုင်အောင် တာဝန်ယူ လုပ်ကိုင်နေရသည့် အစိုးရမျိုးဖြစ်ကြောင်း ကြိုကြိုက်တုန်း ရှင်းလင်းပြောကြားလိုကြောင်း။

နိုင်ငံတော်သစ်ကို စနစ်သစ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများသည် မြားမြောင်လှသကဲ့သို့ များစွာရှုပ်ထွေးသိမ်မွေ့လှကြောင်း၊ ထို့ကြောင့် ယနေ့အချိန်၌ သာမန်အားထုတ်မှု၊ သာမန်အလုပ်လုပ်မှုမျိုးဖြင့် သမားရိုးကျလုပ်ကိုင်နေ၍မဖြစ်ဘဲ၊ တိုင်းပြည်နှင့် လူမျိုးအပေါ် စိတ်ရင်းစေတနာကောင်းကောင်းနှင့် ဖိဖိစီးစီး အားထုတ်လုပ်ကိုင်နေရမည့် အခြေအနေအချိန်အခါမျိုးဖြစ်ကြောင်း၊ ပါးစပ်ဖြင့် တိုင်းပြည်ကို ချစ်ပြနေရမှာမဟုတ်ဘဲ မိမိ၏ ကျွမ်းကျင်မှု၊ မိမိ၏ စွမ်းအားတို့ကို အရင်းပြုပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုနေရမှာဖြစ်ကြောင်း။

အခြေခံကျကျပြောင်းလဲ

ခြုံလိုက်လျှင် ကမ္ဘာ့အခြေအနေများ၏ တိုးတက်ပြောင်းလဲမှု၊ သိပ္ပံနှင့်နည်းပညာရပ်များ၏ လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းနေမှုနှင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်မှုများကြောင့် ၁၉၉၈ခုနှစ်ခန့်ကစပြီး မြန်မာ့ပညာရေးစနစ်ကို ခေတ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးအောင် ပညာရေးဝန်ထမ်းများနှင့်ပင် အကြိမ်ကြိမ် အကြေအလည် ညှိနှိုင်းပြီး အခြေခံကျကျ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လာခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်တိုက်တွန်းအားပေးမှု၊ မြန်မာနိုင်ငံပညာရေးကော်မတီ၏ ကြပ်မတ် စောင့်ရှောက်မှု၊ ပညာရေးဝန်ထမ်းများ၏ စုပေါင်းညှိနှိုင်းဆွေးနွေး အဖြေရှာမှုတို့၏ အကျိုးဆက်အဖြစ် အမျိုးသားပညာရည် မြှင့်တင်မှုအစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ လက်တွေ့ကျကျ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းတိုင်းကျောင်းတိုင်းတွင်လည်း အနာဂတ်ကို ရဲရဲတင်းတင်းမျှော်မှန်းထားသည့် အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက် မော်ကွန်းများကို ဆရာ၊ဆရာမများ မြင်တွေ့ကြသည့်အတိုင်း မွန်မြတ်ခိုင်မာစွာ စိုက်ထူထားပြီးဖြစ်ကြောင်း၊

ထိုမျှော်မှန်းချက်သည် နိုင်ငံနှင့်လူမျိုး အဓွန့်ရှည်ကြာစွာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် မြင့်မြင့်မားမား၊ မွန်မွန်မြတ်မြတ်ထားရှိသည့် မျှော်မှန်းချက်ဖြစ်ကြောင်း၊ ယင်းမျှော်မှန်းချက်မှာ ဆရာ၊ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ ခိုင်မာသည့် ယုံကြည်ချက်ပင်ဖြစ်ရမှာဖြစ်ကြောင်း။

ပညာရေးမျှော်မှန်းချက်

ထို့ကြောင့် ပညာခေတ်၏ ပညာရေးမျှော်မှန်းချက်သည် စာသင်ခန်းများအတွင်း၌သာ ကန့်သတ်တည်ရှိမနေတော့ဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် ဆက်နွှယ်လာပြီး နိုင်ငံသားအားလုံး စာတတ်မြောက်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ သင်ယူရေး၊ အလယ်တန်းပညာအဆင့်ကို ဆက်လက်သင်ကြားနိုင်ရေး၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စဉ်ဆက်မပြတ် ပညာဆည်းပူးနေနိုင်သည့် လူတိုင်းအတွက် ပညာအခွင့်အလမ်းရှိရေး၊ တစ်မျိုးသားလုံး၏ ပညာရည်အဆင့်အတန်းမြင့်မားလာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးစသည့် ကျယ်ပြန့်နက်ရှိုင်းသည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မျှော်မှန်းချက်များအထိ အကျုံးဝင်လာနေပြီဖြစ်ကြောင်း၊ နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာသည် နိုင်ငံတော်၏ မကုန်ဆုံးနိုင်သည့် ခိုင်မြဲသော အရင်းအမြစ်ဖြစ်သည်ကို နားလည်ခံယူရမှာဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ သင်ယူတတ်မြောက်လိုမှု၊ ရှာဖွေစူးစမ်းလိုမှု၊ နားလည်တတ်ကျွမ်းလိုမှုတို့ကို အစဉ်အမြဲ အားပေးမြှင့်တင်ပြီး ထူးချွန်ထက်မြက်သူများဖြစ်လာအောင် မြေတောင်မြှောက်ပေးရမှာ ဖြစ်ကြောင်း၊ ကျောင်းသား၊ကျောင်းသူ အားလုံးအနေဖြင့် သင်ယူမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်နှင့် ဗဟုသုတနယ်ပယ်စသည့် နယ်ပယ်အားလုံးတွင် ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြည့်ရှုထိန်းကျောင်း အားပေးသွားနိုင်ရမှာဖြစ်ကြောင်း၊ အတန်းအလိုက် ပြဋ္ဌာန်းထားသည့် စာအုပ်စာတမ်းများကို အလွတ်ကျက်စေပြီး သင်ယူစေသော သမားရိုးကျနည်းသည် ခေတ်စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်မှုမရှိတော့သည့် သဘောမျိုးအဖြစ် ပိုမိုထင်ရှားလာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ဆရာများသည် စာပေသင်ကြားနေသည့် ပုဂ္ဂိုလ်များအဖြစ်သာမက လူ့အဖွဲ့အစည်းကို ပြုစုပျိုးထောင်သူများ၊ လူ့အဖွဲ့အစည်းကောင်းကျိုး

အတွက် ဆောင်ရွက်နေသူများအဖြစ် တန်ဖိုးရှိစွာ ခံယူရမှာ ဖြစ်သကဲ့သို့ မိမိတို့၏ အသိပညာ၊ အတတ်ပညာ ဗဟုသုတတို့ကိုလည်း အစဉ်အမြဲ တိုးပွားနေအောင် လေ့လာဆည်းပူးနေကြရမှာ ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများ၏ အတွေးအခေါ်နှင့် အသိပညာသည် အမြဲရှင်သန်နေမှသာ မိမိ၏ တပည့်များမှာလည်း ရှင်သန်နေသည့်တပည့်များ၊ ဆရာကောင်း၏ တပည့်ကောင်းများအဖြစ် ပေါ်ထွက်လာမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက မကြာသေးမီကာလကပင် "မိမိတို့ နိုင်ငံသားများရဲ့ ပညာရည်စွမ်းအား (Intellectual Power) မြှင့်တင်ပေးရမှာဖြစ်ကြောင်း၊ ယင်းသို့မြှင့်တင်ပေးနိုင်ရန်အတွက် ပညာရေးကို စနစ်တကျကောင်းအောင် လုပ်ကြရမှာဖြစ်ကြောင်း"။

"နိုင်ငံသားများရဲ့ Intellectual Power မြင့်မားပြီး အမှား အမှန်ကို ဦးနှောက်နဲ့ ခွဲခြားစဉ်းစားတတ်မှသာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း" စသည်ဖြင့် နိုင်ငံသားတို့၏ ပညာရည်မြင့်မား ရေးလိုအပ်ချက်ကို အလေးပေးလမ်းညွှန်ခဲ့ကြောင်း။

ကျောင်းနေရေး

ယနေ့ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်ကို လူထုလှုပ်ရှားမှုပုံစံဖြင့် တက်တက်ကြွကြွ တစ်နှစ်ပြီးတစ်နှစ် ပူးပေါင်းအကောင်အထည်ဖော်လာနိုင်သည့်အတွက် ၁၉၉၉-၂၀၀၀ပြည့်နှစ်တွင် အသက်(၅)နှစ်အရွယ်ကလေးများ၏ သူငယ်တန်းကျောင်းနေနှုန်းသည် ၉၁ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ခုနှစ် တွင် ၉၆ဒသမ၅၆ရာခိုင်နှုန်းအထိ မြင့်မားတိုးတက်လာနေပြီဖြစ်သည့်အတွက် ကျောင်းနှင့်အလှမ်းကွာဝေးနေသော မိသားစုများ၏ ကလေးအချို့မှအပ ကျန်ကလေးအားလုံးကျောင်းနေကြပြီဟု တွက်ချက်ယူ၍ ရနေပြီ ဖြစ်ကြောင်း။

တစ်ဖက်မှလည်း နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းမှာလည်း ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၉၃ ဒသမ ၃ရာခိုင်နှုန်းခန့်အထိ မြင့်မားတိုးတက်လာသည့်အတွက် စာတတ်မြောက်မှုနှုန်းအရရော၊ကျောင်းနေအရွယ်ကလေးများ ကျောင်းနေသည့်နှုန်းအရပါ မြန်မာနိုင်ငံသည် အာရှဒေသတွင် အဆင့်မြင့်နိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီဖြစ်ကြောင်း။

ဆက်လက်ပြီး ကျောင်းနေလျက်ရှိသောကလေးများ ကျောင်းနေမြဲရန်၊ အနည်းဆုံး မူလတန်းပညာပြီးဆုံးသည့်အထိ ကျောင်းနေရန်ဆိုသည့်ရည်မှန်းချက်များကို ဆရာ၊ ဆရာမများက ဥစ္စာရင်လိုဥစ္စရင်ခဲ ကမကထပြုလုပ်ပြီး ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဤအရှိန်နှုန်းဖြင့်ပင် အလယ်တန်းပညာကို ဆက်လက်သင်ကြားရာတွင် လက်လှမ်းတမီ သင်ယူနိုင်သော မူလတန်းလွန်ကျောင်းများ၏ ပေါင်းကူးဆက်နိုင်မှုကြောင့် အလယ်တန်းပညာ ပြီးဆုံးပြီး အထက်တန်းပညာကို ဆက်လက်သင်ကြားမှုနှုန်းများသည် မြင့်မားလာမှာဖြစ်ကြောင်း။

ဤနေရာ၌ နိုင်ငံတော်နှင့်စေတနာရှင်ပြည်သူများပူးပေါင်းပြီး အခြေခံပညာကျောင်းများ၌ တပ်ဆင်ထားသည့် ခေတ်မီမာလ်တီမီဒီယာအီလက်ထရောနစ်ပစ္စည်းများကို အစွမ်းကုန်အပြည့်အဝ အသုံးချရန်ကိစ္စကို ရှင်းလင်းမှာကြားလိုကြောင်း၊ ယနေ့မိမိတို့နိုင်ငံ၏ အခြေအနေအရ အခြားဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်သော ဘဝကိုရောက်ရန်အတွက် သူများခြေလှမ်းတစ်လှမ်းလှမ်းလျှင် မိမိက လေး၊ငါး၊ဆယ်လှမ်း လှမ်းရမှာဖြစ်ကြောင်း။

ဤအခြေအနေမျိုး၌ အလျင်အမြန်တိုးတက်နေသည့် နည်းပညာရပ်များကိုရော၊ လူ့စွမ်းအားအရင်းအမြစ်များကိုပါ အပြည့်အဝအသုံးပြုသွားရမှာဖြစ်ကြောင်း၊ မိမိတို့မှာရှိသည့်ဆရာအင်အား၊ရှိသည့်စာသင်ခန်း၊ သင်ထောက်ကူမာလ်တီမီဒီယာခေတ်မီပစ္စည်းစသည့် အရင်းအမြစ်အားလုံးကို အပြည့်အဝသုံးစွဲပြီး အနာဂတ်အတွက် ပညာတတ်များကို မွေးထုတ်ကြရမှာဖြစ်ကြောင်း။

အခြေခံပညာကျောင်းများတွင်ရှိသည့် ကက်ဆက်၊ဗီဒီယို၊တီဗွီ၊ကွန်ပျူတာစသည့် အဆင့်မြင့်နည်းပညာ ပစ္စည်းများကို သုံးစွဲခြင်းအားဖြင့် ရန်ကုန်မြို့ အပါအဝင် မြို့ကြီးပြကြီးများမှ နာမည်ကြီးဆရာကောင်းများ၏ ပို့ချမှုများကို ကျေးလက်ဒေသမှ ကျောင်းသားများက သင်ယူနိုင်မှာဖြစ်ကြောင်း၊ နားလည်ကျွမ်းကျင်သည်အထိ အချိန်တိုအတွင်းတွင် အကြိမ်ကြိမ်မျက်စိအရ၊ နားအရ သင်ကြားနိုင်သည့် အခြေအနေမျိုးဖြစ်ကြောင်း၊ ဤမာလ်တီမီဒီယာပစ္စည်းများကို အသုံးပြုပြီး တပည့်များက လွယ်လင့်တကူ သင်ယူနိုင်သကဲ့သို့ ဆရာများကလည်း မိမိတို့၏အသိပညာတိုးတက်ရေး၊ လိုအပ်သောအဆင့်မြင့်ပညာရပ်များ တိုးချဲ့သင်ယူရေးတို့ကို လက်လှမ်းတမီ လေ့လာနိုင်မှာဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ဆရာ၊ ဆရာမများအနေဖြင့် ယခုသင်တန်းကာလအတွင်း၌ ပညာရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်နှင့် ဆက်စပ်လုပ်ကိုင် ဆောင်ရွက်နိုင်အောင်၊ တိုင်းပြည်

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြသည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနက အမှူးပြုသောစာချစာသင်သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အသက် ၇၅နှစ်အထက် အသင်းဝင်များအား သက်ကြီး ပူဇော်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၁နာရီတွင် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်နိုင်ရန် ဖိတ်ကြားထားသည်။

ဦးဇော်လင်း ဖုန်း-၅၈၀၇၁၄၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း-၃၈၂၇၄၁ တို့သို့ ဆက်သွယ်နိုင်သည်။

(က-ပ)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အခြေခံစက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် လှိုင်သာယာစက်မှုဇုန်ရှိ သစ်အခြေခံစက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဂျပန်ဈေးကွက်

ရွှေဦးစွာ လှိုင်သာယာ စက်မှုဇုန်ရှိ ဟောမန်ကုမ္ပဏီလီမိတက် အလုပ်ရုံသို့ ရောက်ရှိရာစက်ရုံညွှန်ခန်းမ၌တာဝန်ခံ ဦးထွန်းထွန်းဦးက စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း လုပ်ငန်းစဉ် အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။ အဆိုပါ စက်ရုံမှ Finger Joint ကြမ်းခင်းများ ပြုလုပ်၍ ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

ဆက်လက်၍ ခိုင်ဆုသူကုမ္ပဏီ၏ အလုပ်ရုံသို့ ရောက်ရှိလာရာ တာဝန်ခံ ဦးမျိုးခင်က သစ်လုံးများ စတင်ခွဲစိတ်ခြင်း၊ ပတ်လွှများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ စက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံ ရှင်းလင်းပြသသည်။ အဆိုပါ စက်ရုံမှ ကျွန်းခွဲသားများ၊ Board ၊ Decking ၊ Scantling ခွဲသားများ ခွဲစိတ်၍ ဥရောပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။ မကြာမီ Finger Jointများ ပြုလုပ်၍ ပြည်ပ ဈေးကွက်သို့ ဆက်လက်တင်ပို့သွားမည်ဖြစ်သည်။

ဥရောပဈေးကွက်

ထို့နောက် Teak Farm ကုမ္ပဏီလီမိတက်၏ သစ်အချောထည် အလုပ်ရုံသို့ ရောက်ရှိရာ တာဝန်ခံ ဦးဇော်မျိုးကျော်က စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးနှင့် အဖွဲ့သည် ပရိဘောဂအစိတ်အပိုင်းများ ပြုလုပ်မှု အဆင့်ဆင့်၊ ထုတ်လုပ်ပြီးပစ္စည်းများ ထုတ်ပိုးနေမှု၊ ပြည်ပပို့ရန် အသင့်ဖြစ်နေသောပစ္စည်းများ ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်ရုံမှ ဥယျာဉ်သုံးနှင့် ရေချိုးခန်းသုံး ကျွန်းပရိဘောဂများ ထုတ်လုပ်ပြီး ဥရောပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

ဝန်ကြီးသည် သစ်အခြေခံစက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ရေး၊ ပြည်ပဈေးကွက် ခိုင်ခိုင်မာမာရရှိရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရေးအတွက် ပိုမိုတီထွင်ကြံဆရေးတို့နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အကျိုး၊ ဒေသအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် လိုအပ်သော အသိအမြင်များ၊ အတွေးအခေါ်များခံယူပွားများနိုင်ပါစေဟု မှာကြားလိုကြောင်းဖြင့် ပြောကြားပြီးဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၅၁၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည် ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာစက်မှုဇုန်ရှိ Teak Farm Industries Co. Ltd သစ်အခြေခံစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်း လှူဒါန်းလိုသူ စေတနာရှင်များ လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအော
စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းေ
သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော် ဆောင်ရွ
လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ၂
တစ်တွင်း စက်ပစ္စည်းစုံငွေကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်းအနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေ
၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်းအနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်၅၀၀၀၀၀နှုန်း
လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် ရေအကျိုး ၁၀ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်း လှူဒါန်းလိုသူ
သည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁
ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာ
ရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆
ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း -၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သ

(သတင်း

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊မေ့ဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
- ၇:၅၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၉။ ဂမုန်းရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ English for Everyday Use.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခ
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသ ရိုးရာတေးသံသာ
- ၅:၃၀ ၇။ အကပြိုင်ပွဲ
- ၅:၄၅ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၅၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၅ ၁၀။ Discovery.
- ၆:၁၅ ၁၁။ မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုး ကုသ (အပိုင်း-၁)
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ လူချွန်လူကောင်း(အပိုင်း-**
- ၇:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသ
- ၇:၄၅ ၁၆။ ရိက္ခာစပါးဟင်းလျာငါး တွဲဖက်မွေးထားပြည့်ကျို
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း ချစ်ခြင်းတရား၏ ဆန္ဒအ (အပိုင်း-၂) (ပိုင်ဇေရဲထွန်း၊ မျိုးသန္တာ လှအဥ္စလီတင့်) (ဒါရိုက်တာ-ဇော်မြင့်ဦး**
- ၂၁။ နောက်တစ်နေ့အစီအစ
- ၂၂။ အစီအစဉ်ပြီး၏။

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာ

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပ**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်း လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲ**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သ ခြင်းဖြင့်မိမိနှင့်အများအတွက်ပါအကျိုးရှိစေနိုင်ပါသ**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထော ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသ ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်

➪ **ထိုင်းဘုရင့်တပ်မတော်မှ**

အဖွဲ့ဝင်များအား လေယာဉ်လေ့ကွင်းထိပ်မှ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ညွှန့်သည်တော် ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီးနှင့်အဖွဲ့ဝင်များအား ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ၊ အတွင်းရေးမှူး ဗိုလ်မှူးတင်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီးဒေါ်ခင်မိမိနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံရှေးဟောင်းသုတေသနပြတိုက် ပြတိုက်မှူး ဦးမြင့်စိုးအောင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီးလှည့်လည်ရှင်းလင်းပြသသည်။

ယင်းနောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်သည် စေတီတော် ညွှန့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ တာဝန်ရှိသူက လက်ခံပြီး ရွှေစည်းခုံစေတီတော် ပုံတော်ခတ်ပုံကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် စေတီတော်အား လှည့်လည်ကြည်ညိုကြပြီး ဆက်လက်ထွက်ခွာလာရာ အာနန္ဒာဘုရားသို့ ရောက်ရှိကြသည်။

ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးအား ပြတိုက်မှူး ဦးမြင့်စိုးအောင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ရှေးဟောင်းပုဂံခေတ်လက်ရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ရုပ်ပွားဆင်းတုတော်များကို လှည့်လည်ကြည်ညိုသည်။

ဆက်လက်၍ ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်သည် အာနန္ဒာဘုရား ညွှန့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ အာနန္ဒာဘုရားဂေါပကအဖွဲ့က အာနန္ဒာဘုရားပုံတော် ယွန်းထည်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်မှူး ဦးမြင့်စိုးအောင်နှင့် တာဝန်ရှိသူများက ပြတိုက်အတွင်း လှည့်လည်ရှင်းလင်းပြသကြပြီး ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် ဇနီးနှင့်အဖွဲ့ဝင်များနှင့်အတူ ပုဂံဘုရားများ ရှုခင်းပန်းချီကားရှေ့တွင် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်ညွှန့်သည်တော် မှတ်တမ်း၌လက်မှတ်ရေးထိုးပြီး ပြတိုက်မှူး ဦးမြင့်စိုးအောင်အား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီးနှင့်အဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီးတို့က ပုဂံဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိတို့က ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်အား ယွန်းဆင်ရုပ်ကိုလည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်၏ဇနီးအား ယွန်းအုပ်ကိုလည်းကောင်းအမှတ်တရ လက်ဆောင်အဖြစ်ပေးအပ်ရာထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးတို့ကလည်းအမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲအပြီးတွင် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ပုဂံ-ညောင်ဦး လေဆိပ်သို့ ပြန်လည်ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့်ဇနီး ဒေါ်ခင်မိမိ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊အတွင်းရေးမှူး ဗိုလ်မှူးတင်အောင်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး Madame Veena Shinawatra ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပုဂံ-ညောင်ဦးလေဆိပ်မှ မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာကြရာမွန်းလွဲ၁နာရီ ၁၅မိနစ်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီးနှင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့် ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ထွက်ခွာခဲ့ကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပုနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ဆီမီးနှင့် နံ့သာများ ဆက်ကပ် လှူဒါန်းကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra သည် မဟာမုနိရုပ်ရှင်တော်မြတ် ညွှန့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြ၍ မဟာမုနိ ရုပ်ရှင်တော်မြတ်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား လက်ယာရစ် လှည့်လည် ကြည်ညိုကြသည်။

ဆက်လက်၍ ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်ကို သွားရောက်ကြည့်ရှုလေ့လာကြရာ အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မြနန်းစံကျော် ရွှေနန်းတော်အကြောင်း သိကောင်းစရာများကို ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြနန်းစံကျော် ရွှေနန်းတော်အတွင်း လိုက်လံကြည့်ရှုလေ့လာကြပြီး နန်းမြင့်မျှော်စင်အနီး၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကြရာ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးနှင့် နံ့သာများ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့၏ ရှုခင်းအလှကို မန္တလေးတောင်တော်ပေါ်မှ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ညွှန့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra သည် ညွှန့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၆ သို့ ❒

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီး ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Population Statistics II **(စီးပွားရေး-ဒုတိယနှစ်)**
၅:၃၀	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း-၃၂)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိန်းငှက်သူရဲကောင်း (အပိုင်း-၂)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

❍ ချစ်ကြည်ရေးမှ

သွားကြရာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းသည် ပထမပိုင်းတွင် ပိုမိုခြေစွမ်းပြကစားသွားပြီး ဒုတိယပိုင်းတွင် Kitchee အသင်း တန်ပြန်တိုက်စစ် မဆင်နိုင်အောင် ထိန်းကစားလိုက်၍ တိုက်စစ်အား အနည်းငယ်ပျော့သွားခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းသည် ကွင်းလယ် အသာစီးရအောင်ကစားပြီး အဝေးပေး၊ အနီးပေးများဖြင့် တိုက်စစ်ဆင်ကစားသည်။ လက်ရွေးစင်ဟောင်း မျိုးလှိုင်ဝင်း ငယ်မူငယ်သွေးပြခဲ့ပြီး တိုက်စစ်ဦးဆောင်ကာ အသင်းကို ထိန်းကစားသွားသည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ပိုင်နိုင်စွာ အသုံးမချနိုင်၍ သရေဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းသည် ၄-၁-၃-၂ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဂိုးသမား အောင်အောင်ဦး ဖမ်းသည်။ နောက်တန်းညာအစွန်၌ အောင်ဟိန်းလတ်၊ အလယ်လူနှစ်ဦးအဖြစ် မင်းမင်းအောင်နှင့် မိုးကျော်သူ၊ ဘယ်အစွန်၌ အောင်ကျော်မြင့်တို့ ကစားသည်။ အဆိုပါ နောက်တန်း လေးယောက်အရှေ့တွင် စိုးမြတ်မင်း ကစားသည်။ အလယ်တန်း သုံးယောက်အဖြစ် ထွန်းထွန်းဝင်း၊ အောင်ကျော်မိုးနှင့် ကျော်သူရတို့ကစားပြီး တိုက်စစ်တွင် ရန်ပိုင်နှင့် မျိုးလှိုင်ဝင်းတို့ ကစားကြသည်။

ပွဲစသည်နှင့် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားကြသည်။ Kitcheeအသင်းက ဂိုးရရေး ကြိုးစားကစားသလို ဘဏ္ဍာ/အခွန်အသင်းက အချိတ်အဆက် မိမိဖြင့် ပြန်လည်ထိုးစစ်ဆင်ကစားခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းသည် Kitchee အသင်း ကစားကွက်ကို လိုက်လံဖျက်ထုတ်ကစားနေရင်းမှ ၁၃မိနစ်တွင် ဂိုးစပေးလိုက်ရသည်။ ဘယ်ကြောမှ နံပါတ် ၁၃ Cheung Kin Fungဖြတ်ပို့သော ဘောလုံးကို နံပါတ် ၂၁ Jancula Martin က ပိတ်သွင်းယူခဲ့၍ Kitchee အသင်း ဂိုးစတင် ရရှိသွားသည်။

ဂိုးပေးလိုက်ရ၍ ဘဏ္ဍာ/အခွန်အသင်း ချေပဂိုးရရှိရေး ဖွင့်ကစားလာသည်။ ဘဏ္ဍာ/အခွန်အသင်းက နေရာစုံမှ ထိုးဖောက်ကစားလာရာ Kitchee အသင်းနောက်တန်း ပြီဆင်းလာပြီး နှစ်မိနစ်အကြာ၌ ကျော်သူရ ဖြတ်ပေးသော ဘောလုံးကို Kitcheeအသင်း ဂိုးသမားနှင့် နောက်ခံလူ ဖျက်ထုတ်ရာ လွတ်ထွက်သွားစဉ် အောင်ကျော်မိုးက အနီးကပ် ပိတ်သွင်းလိုက်၍ ဘဏ္ဍာ/အခွန်အသင်းချေပဂိုး ရရှိသွားသည်။ ထိုနောက်ပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက ပွဲကို စိုးမိုးကစားသွားနိုင်ပြီး တစ်ဖက်သတ်နီးပါးဖိကစားသွားနိုင် သည်။ မျိုးလှိုင်ဝင်း၏ အကွက်ဆင်ပေးမှု၊ ကျော်သူရနှင့် ရန်ပိုင်တို့၏ အတိုး၊ အလယ်တန်းမှာ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ စိုးမြတ်မင်းတို့၏အားများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တိုက်စစ်ဆင် ကစားလာရာ Kitchee အသင်း ဂိုးရရှိရေးထက် ဂိုးမပေးရရေးကိုသာ အထူးအာရုံစိုက်ကစားခဲ့ရသည်။

အထူးသဖြင့် အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်း နောက်တန်းအထိဘောလုံးဆင်းယူပြီး အကွက်ဆင်ပေးရာ ဘဏ္ဍာ/အခွန်အသင်းတိုက်စစ် ပို၍ မြိုင်ဆိုင်သွက်လက်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးရရှိရေး ကြိုးစားကစားသော်လည်း ဂိုးမရခဲ့ပေ။ မိနစ် ၃၀တွင် ထွန်းထွန်းဝင်းအစား လက်ရွေးစင်ဟောင်း ဝင်းအောင်ကို ထည့်သွင်းကစားခဲ့သည်၊ မျိုးလှိုင်ဝင်းနှင့် ဝင်းအောင် တွဲမရအောင်၊ ဝင်းအောင် စိတ်ကြိုက် ခေါင်းတိုက် ဂိုးသွင်းခွင့်မရအောင် တစ်ဖက်အသင်းက ဖျက်ထုတ်ကာကွယ်နိုင်ခဲ့၍ ပွဲပြီးတွင် တစ်ဂိုးစီဖြင့် သရေဖြစ်သွားခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းတွင် ဂိုး- အောင်အောင်ဦး၊ နောက်တန်း- အောင်ဟိန်းလတ် (စိုးလင်းထွန်း)၊ မင်းမင်းအောင်၊ မိုးကျော်သူ၊ အောင်ကျော်မြင့်၊ စိုးမြတ်မင်း၊ အလယ်တန်း-ထွန်းထွန်းဝင်း (ဝင်းအောင်)၊ အောင်ကျော်မိုး၊ ကျော်သူရ (ကျော်ကျော်စိုး)၊ရှေ့တန်းတွင် မျိုးလှိုင်ဝင်းနှင့် ရန်ပိုင်(အောင်လင်းထွန်း)တို့ ပါဝင်ကစားသွားသည်။ Kitchee အသင်းမှာ ကစားသမားခြောက်ဦး လဲကစားသွားသည်။

ပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲနှင့်ပတ်သက်၍ နှစ်ဖက်အသင်းအားတွေ့ဆုံ မေးမြန်းခဲ့ပါသည်။ ဘဏ္ဍာ/အခွန်အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က “ယနေ့ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ကြောင်း၊ မိမိတို့အသင်းမှာ ကစားပုံကောင်းပြီး ကလေးတွေကလည်း စိတ်ဓာတ်အပြည့်ဖြင့် ကစားခဲ့ကြောင်း၊ မိမိတို့အသင်း အနိုင်ရသင့်သော်လည်း အခွင့်အရေးများလွဲချော်ခဲ့ကြောင်း၊ ပထမပိုင်း မိမိတို့အသင်း ကစားပုံမှာ အလွန်ကောင်းကြောင်း၊ ဒုတိယပိုင်းတွင် တစ်ဖက်အသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းကစားလိုက်၍ တိုက်စစ်အား အနည်းငယ်ပျော့သွားကြောင်း၊ Kitcheeအသင်းက နှစ်ယောက်၊ သုံးယောက်ဖြင့်ပင် တန်ပြန်တိုက်စစ်ကို ထိထိရောက်ရောက် ကစားနိုင်ခဲ့ကြောင်း၊ ကျော်သူရ လက်ကျိုးပြီး လဲကစားလိုက်ရ၍ မိမိတို့ စီစဉ်ထားသည့် ကစားကွက်အထိုင်များ ပျက်ခဲ့ရကြောင်း၊ ဒုတိယပိုင်းတွင် ကျော်သူရနှင့်ကျော်ကျော်စိုးတို့ကို တွဲပြီး ပွဲထုတ်ကာ တိုက်စစ်ဆင်ကစားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း၊ ဖော်ထိုက်မှာ ဒဏ်ရာကြောင့် မပါဝင်ခြင်းဖြစ်ပြီး လွင်ဦးမှာ ဒဏ်ရာပျောက်ကင်းတာ မကြာသေး၍ အနားပေးထားခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုပွဲရလဒ်ကို ကျေနပ်ပါကြောင်း၊ တစ်ဖက်အသင်းကလည်း ကြိုးစားပြီး ပြိုင်ပွဲသဖွယ် ကစားသွား၍ မိမိတို့အသင်း အတွေ့အကြုံကောင်းများ ရရှိပါကြောင်း” ပြောကြားသွားသည်။

နည်းပြချုပ် ဦးမြင့်ကြူးက“နှစ်သင်းစလုံး အားကြိုးမာန်တက်ဖြင့် အင်အားကုန်ထုတ်၍ ကစားသွားကြောင်း၊ မိမိတို့အသင်းမှာ ရရှိသည့်အခွင့်အရေးကို အသုံးချနိုင်မှု အားနည်းသွား၍ သရေဖြစ်သွားခြင်း ဖြစ်ကြောင်း၊ Kitchee အသင်းမှာ အခွင့်အရေး နှစ်ကြိမ်ရရာ တစ်ဂိုးရပြီး မိမိတို့အသင်းမှာ အခွင့်အရေး သုံးလေးကြိမ်ရရာတွင် တစ်ဂိုးသာရခဲ့ကြောင်း၊ ကွင်းလယ်တိုက်စစ်သမားဖြစ်သည့် ကျော်သူရ နာပြီးထွက်သွားရ၍ ဒုတိယပိုင်းတွင် တိုက်စစ်အား အနည်းငယ်လျော့သွားကြောင်း၊ ကျော်သူရကို အလယ်တန်းမှ ကွက်ပျောက်ကစားခိုင်းခဲ့ရာ အံဝင်စွာ ကစားနိုင်ခဲ့ကြောင်း မိမိအနေဖြင့် ၄-၁-၃-၂ ကစားကွက်ဖြင့် ကစားခဲ့ကြောင်း၊ တစ်ဖက်အသင်းက အလယ်ကြောတွင် ကစားကွက်တည်ဆောက်သည့် အသင်းဖြစ်၍ မိမိတို့က ကွင်းလယ်ကိုအသာစီးရအောင်ကြိုးစားကစားခဲ့ကြောင်း၊ နောက်တန်း လေးယောက်အရှေ့တွင် စိုးမြတ်မင်းကို တင်ထားပြီး စိုးမြတ်မင်းရှေ့တွင် ထွန်းထွန်းဝင်းကို ထားထားကြောင်း၊ အောင်ကျော်မိုးနှင့် ကျော်သူရတို့ကို ထွန်းထွန်းဝင်းရှေ့၌ ကစားခိုင်းပြီး တိုက်စစ်၌တင်ထားသည့် ရန်ပိုင်ကိုလည်း အလယ်တန်းသို့ ဆင်းကစားခိုင်းကြောင်း၊ မျိုးလှိုင်ဝင်းကို တိုက်စစ်တွင် ထောင်ထားသော်လည်း မျိုးလှိုင်ဝင်းမှာ တိုက်စစ်မှူး မဟုတ်ဘဲ နောက်တန်းအထိ ဘောလုံးဆင်းယူကာ အကွက်ဆင်ပေးပြီး အခြားကစားသမားများက ရှေ့သို့တက်ပြီး တိုက်စစ်ဆင် ကစားခဲ့ကြောင်း၊ အလယ်တန်း အထိုင်မပျက်အောင်လည်း ကစားနိုင်ခဲ့ကြောင်း၊ မျိုးလှိုင်ဝင်း အနေဖြင့် ဒီအသက်အရွယ်ဖြင့် ယခုလောက် ကစားသွားနိုင်သည်ကို အားရမိကြောင်း၊ လဲကစားခဲ့သည့် ကစားသမားများမှာလည်း ကစားကွက်နှင့်အံဝင်အောင် ကြိုးစားကစားသွားကြောင်း၊ မိမိအနေဖြင့် ဘဏ္ဍာ/အခွန်အသင်းကို အသင်းကောင်းတစ်သင်းဖြစ်အောင် ဆက်လက်ကြိုးစားပြုပြင်သွားမည်ဖြစ်ကြောင်း” ပြောကြားသွားသည်။

Kitchee အသင်းနည်းပြ Mr. Cheng Sin Siu Chung က “ယနေ့ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ကြောင်း၊ မိမိတို့အသင်း စိတ်ကြိုက် ကစားနိုင်ခဲ့ပြီး ယခုရလဒ်ကို ကျေနပ်ပါကြောင်း၊ မိမိတို့ကစားသမားများ အနေဖြင့် ဂိုးရရန်အမြဲတမ်း ကြိုးစားကစားခဲ့ကြောင်း၊ ယခုပွဲတွင် မိမိတို့အသင်း အလယ်တန်းကို ပြုပြင်ပြောင်းလဲကစားခဲ့ကြောင်း၊ ယနေ့ကစားသည့် ဘဏ္ဍာ/အခွန်အသင်းမှာ ကစားခဲ့ရသည့် သုံးသင်းတွင် အကောင်းဆုံးဖြစ်ကြောင်း၊ ဘဏ္ဍာ/အခွန်အသင်းမှာ အသင်းကောင်းဖြစ်ပြီး ကစားရတာလည်း ခက်ခဲကြောင်း၊ နောက်ဆုံးပွဲတွင်လည်း ယခုထက်ကောင်းအောင် ကြိုးစားကစားသွားမည်ဖြစ်ကြောင်း” ပြောကြားသွားသည်။

ချစ်ကြည်ရေးခြေစမ်းပွဲ နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၅ ရက် ညနေ ၄နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ မြန်မာ့လက်ရွေးစင် အသင်းနှင့် Kitchee အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (ကြေးမုံ)

ပွဲမစမီ ဘဏ္ဍာ/အခွန်အသင်းနှင့် Kitchee အသင်းဘောလုံးသမားများအား ဘဏ္ဍာ/အခွန် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်း လိုက်လံနှုတ်ဆက်စဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)



ပွဲမစမီ ဘဏ္ဍာ/အခွန်အသင်းနှင့် Kitchee အသင်းတို့ စုပေါင်း အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် Speedway ကွင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေ ၃နာရီတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ၌ Torque and Power Motors Limited က တည်ဆောက်လျက်ရှိသော Yangon Kart Speedwayကွင်းကို ကြည့်ရှုစစ်ဆေးပြီး Club House, Workshop, Kart Track နှင့် PITဧရိယာတို့ကို ကြည့်ရှုစစ်ဆေးရာ Torque and Power Motors Limited မန်နေဂျင်းဒါရိုက်တာ ဒေါက်တာရဲနိုင်ဝင်းက ရှင်းလင်းတင်ပြသည်။

အဆိုပါ Yangon Kart Speedwayကွင်း တည်ဆောက်မှုလုပ်ငန်းသည် ကိုးဆယ်ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် Torque and Power Motors Limited က တည်ဆောက်လျက်ရှိသော Yangon Kart Speedway ကွင်းတွင် မောင်းနှင်မည့်ကားများကို ကြည့်ရှုစစ်ဆေးစဉ်။ (အား/ကာ)

❐ စာမျက်နှာ ၁၀ မှ

ထိုမှတစ်ဆင့် ဉည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ပြန်လည်ထွက်ခွာသွားကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့် ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တင်းနစ်လူရွေးပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်တင်းနစ်ပြိုင်ပွဲအတွက် လူရွေးပွဲကို ယနေ့နံနက်ပိုင်းက သိမ်ဖြူတင်းနစ် အားကစားကွင်းတွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် လူရွေးပွဲ၌ အမျိုးသားပြိုင်ပွဲတွင် ဖြိုးမင်းသာက အိုက်ကျောက်ကို ၆-၀၊ ၆-၁၊ ဝင်းထက်ပိုင်က အောင်ကိုကို ကို ၅-၇၊ ၆-၂၊ ၆-၄၊ အောင်ကျော်နိုင်က ဝေယံကျော်ကို ၆-၀၊ ၆-၀၊ ဇင်ဘိုက တင်မျိုးဝေကို ၆-၂၊ ၆-၁၊ အောင်ကျော်နိုင်က တင်မျိုးဝေကို ၆-၂၊ ၆-၂၊ ဇင်ဘိုက ဝေယံကျော်ကို ၆-၀၊ ၆-၀ တို့ဖြင့် အနိုင်ရရှိကြသည်။ (ကြေးမုံ)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန(၅၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၏ (၅၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်း အမှတ်(၆၇/၆၉)ရှိ ဦးစီးဌာန ဗဟိုရုံး ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့်ဇနီး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေနှင့်ဇနီး၊ ဒုတိယ ရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာ ထွန်းရှင်နှင့် ဦးမြင့်နိုင်၊ တရားရုံးချုပ် တရားသူကြီး ဦးထွန်းရှင်၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ဗဟိုရုံးရှိ အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးက ၂၀၀၃-၂၀၀၄ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ မသီရိအောင်အားလည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်က ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ မစုယမင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေက လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ မထက်တင့်ဝေအား လည်းကောင်း ပညာရည်ချွန်ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ညနေ ၃နာရီတွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်လွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ၊ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများ၊ ပညာရည်ချွန်ဆုရ ဝန်ထမ်းများ၏ သားသမီးများနှင့် အားကစား ထူးချွန်ဆုရ ဝန်ထမ်းများအား ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာန၏ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား သာရေးနာရေးထောက်ပံ့ငွေကျပ် ၁၄ သိန်းကျော်ကို ပေးအပ်သည်။ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းကလည်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် ကျားကူးပရိယတ္တိ စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ရွှေဦးမြို့နယ်အသင်း(ရန်ကုန်)မှ ရန်ကုန်မြို့တွင် သီတင်းသုံးတော်မူကြသော ရွှေဦးမြို့နယ် ဇာတိဖွား ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ ရက်က ဗဟန်းမြို့နယ် မွေ့စေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် မှော်ရုံကြီး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် အသင်းသူ၊ အသင်းသားများ ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်း ဆက်ကပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓဟူးသန့်ရှင်းရေးအသင်းတွင် အကြိမ်(၃၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပရာ မဟာစည်သာသနာ့ရိပ်သာ ပြည်တွင်း၊ ပြည်ပ နာယက မုဒ္ဒံဆရာတော် ဘဒ္ဒန္တကုသလာနန္ဒထံ အသင်းဥက္ကဋ္ဌ ဒေါ်မီမီခင်က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ဟောပြောပို့ချမှု အစီအစဉ်တစ်ရပ်ကို စက်တင်ဘာ ၄ ရက် စနေနေ့ နံနက် ၈ နာရီခွဲမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel (စုဝေးခန်းမ)၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောမည့် အစီအစဉ်ကို တိုကျိုမြို့ Ritsuneikan တက္ကသိုလ်မှ ပါမောက္ခ Mr. Ogata Ma Sakatsu က အာရှနှင့် ပစိဖိတ်ဒေသအတွင်း ခရီးသွားလုပ်ငန်း ဆိုင်ရာအကြောင်း သိကောင်းစရာကို လည်းကောင်း၊ Swift Wind Travels မှ ဒါရိုက်တာ ဦးဖုန်းသန့်က မြန်မာနိုင်ငံ သဘာဝအခြေခံခရီးစဉ် ဒေသများ (Ecotourism Sites of Myanmar) ကို လည်းကောင်း၊ Myanmar Tourex Travels မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးစိုးသူရထွန်းက ပြည်တွင်းခရီးစဉ် လှည့်လည်ရေးလုပ်ငန်းမြှင့်တင်ရေးကို လည်းကောင်း၊ Tawwin Travels မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ရီတာမြင့်က အရောင်းဖြန့်ချိရေးလုပ်ငန်း စနစ်ကိုလည်းကောင်း ဟောပြောပို့ချကြမည်ဖြစ်သည်။

ဟောပြောသည့်နေ့၌ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel တွင် နေ့လယ်စာနှင့် Tea/Coffee နှစ်ချိန်စာအတွက် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် လူဦးရေ ၂၀၀ တက်ရောက်နိုင်ရန် စီစဉ်ထားရှိပြီး ဟိုတယ်/ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သူ (ဧည့်လမ်းညွှန်နှင့် ပို့ဆောင်ရေး ကုမ္ပဏီ အပါအဝင်)များသည် ကုမ္ပဏီ/လုပ်ငန်း မှတ်ပုံတင်ပြသ၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဖုန်း-၅၅၉၆၇၂၊ ၅၅၉-၆၇၃၊ ၅၄၅၇၀၇ တို့သို့ စက်တင်ဘာ ၃ ရက် နောက်ဆုံးထားပြီး တစ်ပြိုင်တည်း ငွေသွင်း/စာရင်းပေးနိုင်သည်။

(သတင်းစဉ်)

ပဲခူးတိုင်း ဥပဒေအရာရှိ မြို့နယ်များသို့ ကွင်းဆင်း

ရန်ကုန် စက်တင်ဘာ ၂

ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွှန့်သည် တောင်ငူခရိုင် ဥပဒေရုံးသို့ ဩဂုတ် ၂၈ ရက်တွင်လည်းကောင်း၊ ရေတာရှည်မြို့နယ် ဥပဒေရုံးသို့ ဩဂုတ် ၂၉ ရက်တွင် လည်းကောင်း၊ အုတ်တွင်းမြို့နယ် ဥပဒေရုံးသို့ ဩဂုတ် ၃၀ ရက်တွင် လည်းကောင်း ကွင်းဆင်းသွားရောက်ပြီး ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာ၊ စီမံရေးရာလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

(က-ပ)

အပြောင်းအလဲဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် စက်တင်ဘာ ၂

ယခုသောကြာပတ်တွင် ဒါရိုက်တာမောင်မျိုးမင်းရိုက်ကူး၍ လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာနှင့် စိုးမြတ်နန္ဒာတို့ ခေါင်းဆောင်ပါဝင်သည့် **အပြောင်းအလဲ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ဆက်လက်ပြသဆဲရှိသည်။

"အပြောင်းအလဲ" ဇာတ်ကားမှ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာ။

ပြုံးနေရင်သတိထား

ဆက်လက်၍ ကျော်ရဲအောင်၊ ဒွေး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်တို့ သရုပ်ဆောင်ကြသည့် **ပြုံးနေရင်သတိထား** ဟာသဇာတ်မြူး ရှေ့ဆောင်ရုံနှင့် နဝဒေးရုံတွင် တင်ဆက်ပြသဆဲဖြစ်သည်။

နေပြည်တော်ရုံတွင် တစ်ကျော့ပြန်ရုံတင်လာသည့် TROY ရာဇဝင်ဇာတ်ကားမှ ရှေးခေတ်တိုက်ပွဲခန်း တစ်ခန်း။

နေပြည်တော်

ဂရိနှင့်ထရိုဂျန်တို့၏ ခမ်းနားကြီးကျယ်သော စစ်ပွဲကြီးကို အခြေခံ၍ ရိုက်ကူးထားသော ရာဇဝင်နောက်ခံ စွန့်စားခန်းဇာတ်ကားဖြစ်သည့် TROY ဇာတ်ကား နေပြည်တော်ရုံတွင် တစ်ကျော့ပြန်ရုံတင်လာသည်။

အက်ရှင်ဇာတ်ကား

ရွှေဂုန်ရုံတွင် သမ္မတကြီးတစ်ဦး၏ သမီးကို အကြမ်းဖက်သမားက စည်းရုံးပြီး ဒုက္ခပေးပုံကို ဇာတ်အိမ်ဖွဲ့ထားသည့် Escape From L.A ဇာတ်ကြမ်း အက်ရှင်ဇာတ်ကား ရုံတင်ပြသနေသည်။

အချစ်ဇာတ်မြူး

မြို့မရုံတွင် Dillagi အမည်ရှိ အိန္ဒိယအချစ်ဇာတ်မြူး ရုံတင်ပြသလျက်ရှိသည်။ သရုပ်ဆောင် ဆန်နီဒေါနှင့် ဘော်ဘီဒေါ်တို့၏ မြူးမြူးကြွကြွ အလှအကများဖြင့် တင်ဆက်ထားသည်။

ဆုထူးပန်

ဆုထူးပန်ရုံတွင် အက်ရှင်၊ ဟာသ၊ တေးဂီတတို့ကို အသားပေးတင်ဆက်ထားသော Baashha အမည်ရှိ အိန္ဒိယ ရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ပြသနေသည်။

ဘုရင်ရုံ

ဘုရင်ရုံတွင် စိတ်ဝင်စားဖွယ် မိသားစုအတွင်းရေးကို ဇာတ်လမ်းဆင်ထားသော Hul Chul အမည်ရှိ အိန္ဒိယ မေတ္တာဘွဲ့ဇာတ်ကား ရုံတင်ပြသနေသည်။ အာဂျေဒွေဖ်ခန်း၊ ကာဂျိုးတို့၏ သရုပ်ဆောင်မှုများကို ကြည့်ရှုခံစားရမည်ဖြစ်သည်။

ရွှေဝတီရုံတွင် ကျော်စေရုပ်ရှင်မှ **ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်** ဟာသဇာတ်ကား ပြသလျက်ရှိသည်။ ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်ထားကြသည်။

မြေနီကုန်း ရတနာပုံရုံတွင် မင်းသား ဆူနီရှက်သီ၊ အရှစ်ကူမာ၊ မင်းသမီး တာဗူးတို့ ပါဝင်သော Hera Pheri အမည်ရှိ အိန္ဒိယ ဇာတ်ကား ရုံတင်ပြသသည်။ အက်ရှင် အသားပေး ဟာသဇာတ်ကား ဖြစ်သည်။ **(ကြေးမုံ)**

ရွှေသောကြာပတ်တွင် ရုံတင်ပြသမည့် "ပင်လယ်မင်းသား" ဇာတ်ကားသစ်မှ လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်နှင့် ဆုပန်ထွာ။

Dillagi အိန္ဒိယဇာတ်ကားမှ ပျော်ရွှင်ဖွယ် သရုပ်ဆောင်ကွက်။

ပင်လယ်မင်းသား ဇာတ်ကားသစ် ရုံတင်ပြသမည်

ရန်ကုန် စက်တင်ဘာ ၂

လာမည့်သောကြာပတ်တွင် ကတ္တီပါရင်ခွင်ရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူး၍ လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်နှင့် ဆုပန်ထွာတို့ ပါဝင်သည့် **ပင်လယ်မင်းသား** ဇာတ်ကားသစ် ရုံတင်ပြသမည်။

(ကြေးမုံ)

ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်ထိန်းသိမ်းရေး ရက်တိုသင်တန်းဖွင့်ပွဲ တိုင်းမှူး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင် တည်ဆောက်ရေး လုပ်ငန်းကော်မတီက ကြီးမှူး ဖွင့်လှစ်သည့် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာ ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ကန်တော်ကြီး ဥယျာဉ်မြေပဒေသာကျွန်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့်တင် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အားကစားကွင်းများနှင့် ပန်းဥယျာဉ်များဌာန ဌာနမှူး ဦးညွန့်ဖေ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ သင်တန်း နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့်တင် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကန်တော်ကြီး ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို တာဝန်ယူထိန်းသိမ်းကြမည့် ပုဂ္ဂိုလ်များ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာ ပညာရပ်များကို သိရှိနားလည်စေရေး၊ သင်တန်း တက်ရောက်သူများမှ တစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာ ပညာရပ်များ ထပ်ဆင့်ပြန့်ပွားနိုင်စေရေး၊ ဘက်စုံအဆင့်မြှင့်တင် တည်ဆောက်ထားသည့် ကန်တော်ကြီး ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ ပတ်ဝန်းကျင်နှင့် သန့်ရှင်းသာယာလှပမှုကို အဆင့်အတန်း မကျစေဘဲ ဆက်လက်ထိန်းသိမ်းနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာ ရက်တိုသင်တန်း ဖွင့်လှစ်သင်ကြားရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အားကစားကွင်းများနှင့် ပန်းဥယျာဉ်များဌာန ဌာနမှူး ဦးညွန့်ဖေက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကန်တော်ကြီး ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာ ရက်တိုသင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၇၆ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကန်တော်ကြီး ဥယျာဉ် Education Zone ၌ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လယ်ယာထွက်ကုန်ပစ္စည်း အရောင်းဆိုင်ဖွင့်လှစ် ရောင်းချနေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မျိုးစေ့များ၊ ပိုးသတ်ဆေးများနှင့် စိုက်ပျိုးရေး နည်းပညာပေးစာအုပ်များ ရောင်းချပေးလျက်ရှိသည့် စိုက်ပျိုးရေးသုံး ပံ့ပိုးပစ္စည်း အရောင်းဆိုင်ဖွင့်လှစ် ရောင်းချနေမှုကို လည်းကောင်း၊ စိုက်ပျိုးရေးပြတိုက်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းအလိုက်ပြကွက်များ ခင်းကျင်းပြသနိုင်ရေးပြင်ဆင်ထားရှိမှုများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကန်တော်ကြီး ဥယျာဉ် Relaxation Zone သို့ ရောက်ရှိပြီး Relaxation Zone အတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် မြေယာရှုခင်းအလှများ ဆောင်ရွက်ပြီးစီးမှု၊ Elephant Plaza တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သေသပ်ကျနစွာဖြင့် ရေရှည်ခိုင်ခံ့စေရေးဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာ ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ဩဂုတ် ၂၉ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် အလယ်ချိုင့် အရေ့ရွာ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ် များ ဆွေးနွေးမှာကြားစဉ်။ (စက်မှု-၁)

စက်တင်ဘာ ၁ ရက်က ၂၀၀၄ ခုနှစ် သတ္တမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက် ဂျူဒိုပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော သစ်တောရေးရာအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဆုချီးမြှင့်စဉ်။ (အား/ကာ)

အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးတက်ရန် ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး ဦးတင်ဝင်းသည် ယမန်နေ့နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ဝန်ကြီး ဦးတင်ဝင်းအား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။ အဆိုပါ အစည်းအဝေးသို့ ဝန်ကြီး ဦးတင်ဝင်းနှင့်အတူ ဝန်ကြီးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ညိုလည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

မြန်မာအမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့ မလေးရှားနှင့်တရုတ်သို့ သွားရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်တွင် မလေးရှားနိုင်ငံ ပီနန်မြို့၌ ကျင်းပမည့် World Sepaktakraw Championship (Men events) ပြိုင်ပွဲသို့ မြန်မာအမျိုးသား ပိုက်ကျော်ခြင်း အသင်း ပါဝင်ယှဉ်ပြိုင်ရေးနှင့် စက်တင်ဘာလ နောက်ဆုံးပတ် တရုတ်နိုင်ငံ ဝေဟိုင်းမြို့တွင်ကျင်းပမည့် Weihai International Fashion Ball Game ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာအမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်ရေးကိစ္စရပ်များနှင့် ညှိနှိုင်းအစည်းအဝေးကို အဖွဲ့ချုပ်အစည်းအဝေးခန်းမတွင် ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် (ဥက္ကဋ္ဌ၊ ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်)နှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မလေးရှားနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနည်းပြ၊ ဆရာဝန်နှင့် အမျိုးသား လက်ရွေးစင် ၁၅ ဦး၊ တရုတ်နိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင်၊ နည်းပြနှင့် အမျိုးသမီး ငါးဦးတို့ကို စေလွှတ်ယှဉ်ပြိုင်ရန်နှင့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောင်ဆန်းကွင်း မိုးလုံ လေလုံပြိုင်ပွဲရုံ၌ စက်တင်ဘာ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပရေးတို့ကို အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြသည်။ (ကြေးမုံ)

မုံရွာခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဒွါဒသမ (၁၂)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်၊ တိုင်းအကြံပေးအရာရှိ ဦးသိန်းအောင်၊ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းနှင့် ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ တက်ရောက်ကြသည်။

မုံရွာခရိုင် ဒွါဒသမ(၁၂)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ မြို့နယ် ရှစ်မြို့နယ်မှ အနုပညာရှင်များ၊ ဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၀၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

သမီးငယ် ဖူးရွှေရည်ဝင်း(ဖွေးဖွေး)အတွက် မွေးနေ့ဆုမွန်

သမီးငယ် ဖူးရွှေရည်ဝင်း(Grade 11,E)
အထက(၂)စမ်းချောင်း၏
၃-၉-၂၀၀၄ ရက်တွင် ကျရောက်သော
သမီးငယ်ရဲ့ မွေးနေ့မင်္ဂလာ ရက်မြတ်မှသည်
ဘဝခရီးတစ်လျှောက်လုံး
ဖေဖေ၊မေမေတို့ရဲ့ နွေးထွေးတဲ့ မိသားစု
မေတ္တာရိပ်အောက်မှာ
ပျော်ရွှင်ကြည်နူး ချမ်းမြေ့နိုင်ပါစေ . . .

ဖေဖေ – ဝေမှိုင်းညို(စာရေးဆရာ၊ ဒါရိုက်တာ)
မေမေ – ဒေါ်လှဲ့လှဲ့ဝင်း
မမ – လှဲ့ရွှေစင်(ရွှေးရွှေး)
1st Year Japanese(U.F.L)
မကြီး – ဓာခြည်မင်းမင်း(ပုံ့ပုံ့)
F&B Secretary
(Grand Plaza Park Royal Hotel)

အမည်ပြောင်းခြင်း

ဦးကိုကိုအောင်၏ သမီး၊ ရန်ကုန်မြို့၊ အထက(၂) ဗိုလ်တထောင်၊ အဋ္ဌမတန်း(A)မှ မသိမ့်မူယာကျော်အား မသိမ့်မူယာအောင်ဟုလည်းကောင်း၊ သားဖြစ်သူ မန္တလေးမြို့၊ အထက(၁၁)၊ ပဥ္စမတန်း (E)မှ မောင်ထက်ဝေယံကျော်အား မောင်ထက်ဝေယံအောင်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မသိမ့်မူယာအောင်၊ မောင်ထက်ဝေယံအောင်။

ATOMIC-6

MENTOR BMC

Duration & Timetable : 2-Month | Wed 6:00 - 7:30 p.m.
Commencing Date : 15 Sep 2004 (Wed)

OD Tour

Sep 9, 24, 27, 29
Sep 9, 16
(52/A) ☎ 504808, 537672

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

မှတ်ပုံတင်အမှတ် (၈၉၁/၉၇)

VACANCIES

Inle Lake View Resort (For the Local service in Inle)

We invite qualified candidates to fill the following positions;-

1. Secretary
2. Human Resource Manager
3. House Keeping Manager
4. Assistant House Keeping
5. Food & Beverage Manager
6. Assistant Food & Beverage
7. Restaurant Attendance (Female)
8. Receiptionist
9. Waiter
10. Engineer (B.E civil/electrical or A.G.T.I)

Position(1), (2), (3) & (5)-min. experience of 5 years and above in related field. Ability to read, understand and the speak the English Language fluently.

Position (4),(6),(7),(8),(9)&(10)-min. experience of 3years and above in related field. Good communication skill in English.

For **(4&6)**- Pleasant personality, carring attitude, and good communication skill in English. Basic computer skills for (8).

SANDA TOUR Co.,Ltd. (For the service in Yangon)

Operation Manager (1)Post: min. (5)years experience in related tourism field at the same position in tourism company.

Assistant Operation (1) Post: min. of (3)years experience in related tourism field.

Both candidate must have ability to read, undersatand and speak the English Language fluently. Basic computer skill and knowledge of e-mail.

Please send your C.V with recent photo, labour registration card copy and relevant Certificates copies within two weeks after the advertisement to following address:

Office : No.66(A) Yaw Minn Gyi St., Dagon T/S, Yangon.
Tel: 01-253850

ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

ဂန့်ဂေါ ဩဂုတ် ၂၆

ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဩဂုတ် ၁၉ ရက်က ဂန့်ဂေါမြို့နယ် မင်းရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ပြုလုပ်သည်။

လှူဒါန်းပွဲတွင် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်မောင်က ကျေးဇူးတင်စကား ပြောကြားပြီး ပခုက္ကူမြို့မှ ဦးကော်-ဒေါ်မိုးမိုးတို့က ၂၀၀၄-၂၀၀၅ ခုနှစ် ချို့တဲ့ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့နိုင်ရန်အတွက် ငွေကျပ်ငါးသောင်းနှင့် ပညာသင်စရိတ် ငွေပဒေသာပင် စိုက်ထူရန်အတွက် ကျပ်တစ်သိန်းတို့ကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးထံသို့ ပေးအပ်လှူဒါန်းသည်။ **(၄၆၅)**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာ အမှတ်(၈၂) ရှင်းလင်းပွဲကျင်းပ

လှည်းကူး ဩဂုတ် ၃၀

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအမှတ်(၈၂) ရှင်းလင်းပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီက လှည်းကူးမြို့နယ် နေမိန္ဒြအေးရိပ်သာ ဓမ္မတရားကျောင်း (နေမိန္ဒြ ဓမ္မအေးရိပ်စခန်း) ဓမ္မပါလ ကျောင်းတော်၌ ကျင်းပသည်။

လျှောက်ထား

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရနှင့် အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကောဝိဒတို့က ညွှန်ကြားလွှာ (၈၂)ပါ အချက်အလက်များကို ရှင်းလင်းလျှောက်ထားကြပြီး ကျွန်းကလေး ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ပဓာနနာယကဆရာတော်များ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လှူဒါန်း

ညွှန်ကြားလွှာအမှတ်(၈၂)ရှင်းလင်းပွဲ အပြီးတွင် အလှူရှင်ဦးရွှေ၊ ဒေါ်သီရိ (မန္တလေး)မိသားစုက သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် တောင်သူကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ်ကို ဩဂုတ် ၂၁ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်ပြန်/ဆက်)

စပါး-ငါး ပူးတွဲစိုက်ပျိုး မွေးမြူရေး ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပ

ထီးချိုင့် ဩဂုတ် ၂၈

ကသာခရိုင် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးပြီး ၂၀၀၄ ခုနှစ် ဩဂုတ် ၁၅ ရက်က ကွင်းကြီးအုပ်စု ကွင်းကြီးကျေးရွာ ကွင်းအမှတ်(၈၁၁) တောင်သူ ဦးတင်၊ ဦးချစ်ဖေ၏ လယ်ယာမြေဧက ၂၀ တွင် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

စပါးစိုက်ခင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်း(ကြီးကြပ်သူ)၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျေးရွာအုပ်စုဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

ရှင်းလင်း

ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်သန်းက "စပါးက ရွှေ၊ ငါးက ငွေ၊ လယ်ယာသားငါး ပြည့်စီးပွား"ဆောင်ပုဒ်များနှင့်အညီ ငါးမျိုးများ စိုက်ထည့်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြီး ဆင်းသီဂိ စပါးစိုက်ခင်းဧက ၂၀ တွင်ငါးကောင်ရေ ၁၀၀၀၀ စိုက်ထည့်ကြသည်။

(မြို့နယ်ပြန်/ဆက်)

မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က မကွေးမြို့ ကမ်းနားလမ်း ဆက်သွယ်ရေး ညှိရိပ်သာ၌ ကျင်းပရာ မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက် အထွေထွေမန်နေဂျာ ဦးသွင်လင်းက ဂုဏ်ပြုဆုနှင့် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (၃၃၃)

မြေသားပြုပြင်မှု လုပ်ငန်းများ စုပေါင်းဆောင်ရွက်

တမူး ဩဂုတ် ၂၈

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့ မဟူရာလမ်းမကြီး (ကားဝင်းထိပ်မှ ဂြိုဟ်တုကုန်း)အတက်ကြားရှိ မြေသားနံရံ ပေ ၃၀၀ အား မြေယာရှုခင်းပြုပြင်ဆောင်ရွက်ရန် မြေသားပြုပြင်မှုလုပ်ငန်းကို နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်ပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ မြေယာရှုခင်းပြုပြင်ရန် မြေသားဖို့ချမှု ပြုလုပ်နေခြင်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ထွန်းတို့ လာရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းအမြန်စတင်ဆောင်ရွက်နိုင်ရေးနှင့် မြေယာရှုခင်း ပြုပြင်ရေးလုပ်ငန်း အမြန်ပြီးစီးရေးတို့ကို မှာကြားသည်။ **(မြို့နယ်စည်ပင်)**

၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၅၄ ဦးအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက်က ဓနုဖြူမြို့ အထကတော‌ဇခန်းမ၌ ကျင်းပရာ ငါးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၁၆၄)

ရေရရှိရေး စက်ကိရိယာနှင့် လက်နှိပ်တုံကင်များ ကြံ့ခိုင်ထိန်းသိမ်းရေး သင်တန်းဖွင့်

တန့်ဆည် ဩဂုတ် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးပြီး ကျေးလက်ဒေသ ရေရရှိရေးအတွက် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများနှင့် လက်နှိပ်တုံကင်များ ရေရှည်တည်တံ့ ခိုင်မြဲစေရန် ကြံ့ခိုင်ထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲကိုဩဂုတ် ၁၆ ရက်နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး တာဝန်ခံ အင်ဂျင်နီယာ ဦးသက်တင်က စက်ကိရိယာများနှင့် လက်နှိပ်တုံကင်များ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စစ်ဆေးထိန်းသိမ်းပုံတို့ကို သရုပ်ပြရှင်းလင်းပို့ချသည်။

(မြို့နယ်ပြန်/ဆက်)

မွန်ပြည်နယ် မော်လမြိုင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေး ဈေးသူ၊ ဈေးသားများ စုပေါင်း၍ ငွေကျပ်သိန်း ၄၀ ကျော်တန် Toyota Mighty X Plus စေတနာယာဉ် အမှတ်(၅) လူစီး-မော်လမြိုင် နာရေးကူညီမှုအသင်းသို့ လှူဒါန်းလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက်က မော်လမြိုင်မြို့ အမှတ် (၂) ဈေး လူမှုရေးအသင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ မော်လမြိုင်မြို့ နာရေးကူညီမှုအသင်းသို့ လှူဒါန်းသည့် ယာဉ်အား မော်လမြိုင် အမှတ် (၂) ဈေး လူမှုရေးအသင်း ဥက္ကဋ္ဌဦးထွန်းအေးက ရန်ကုန် နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သူထံ လွှဲပြောင်းပေးအပ်စဉ်။
(၃၀၇)

ကြေးမုံ The Mirror — မြို့နယ်သတင်းများ

မင်းလှမြို့နယ် ပေပင်တန်း ကျေးရွာနေ ဦးသာရင်-ဒေါ်တင်ရီ မိသားစုက စစ်ကွင်းတိုက်နယ် ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ဩဂုတ် ၁၀ ရက်က လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းလှိုင် လက်ခံရယူစဉ်။ (က-ပ)

မိသားစု ဝင်ငွေတိုးလုပ်ငန်း မတည်ငွေ ထုတ်ပေး

ပေါင် ဩဂုတ် ၂၅

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက မိသားစုဝင်ငွေတိုးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ရင်းနှီးမတည်ငွေ ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က အမှာစကား ပြောကြားပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်ကြမည့်သူများအား ရင်းနှီးမတည် ငွေကျပ်ငါးသိန်း ပေးအပ်ရာ စိုက်ပျိုးရေးအတွက် ရင်းနှီးမတည်ငွေကို ဒေါ်မိယဉ်ပြုံးကလည်းကောင်း၊ ဝက်မွေးမြူရေးအတွက် ရင်းနှီးမတည်ငွေကို ဒေါ်သန်းသန်းမော်ကလည်းကောင်း၊ ကြက်မွေးမြူရေးအတွက် ရင်းနှီးမတည်ငွေကို ဒေါ်စိုးတင့်ကလည်းကောင်း လက်ခံရယူကြသည်။ ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်ကြမည့်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ သထုံမြို့နယ်၊ ဘီလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်များတွင်လည်း မိသားစုဝင်ငွေတိုးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ရင်းနှီးမတည်ငွေ ထုတ်ပေးခြင်း အခမ်းအနားများကို သက်ဆိုင်ရာ မြို့နယ်များတွင် ကျင်းပသည်။
(ခရိုင်ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်မို့
ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့ထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၆၇၅၀) ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ဖဲကြိုးဖြတ်ဖွင့်လှစ်

စစ်ကိုင်း ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်အတွင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်က ခေါ်တောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင်းရှိ ရွှေသိမ်တော်စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးမင်းအောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၂၃၀)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက် နံနက်က မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုလတ်နှင့် နားခဲကျေးရွာဥက္ကဋ္ဌ ဦးဆန်လှမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၄၇)

ကိုယ့်အားကိုယ်ကိုး သုခမိန်ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၆ ရက်က မန္တလေးတိုင်း သာစည်မြို့နယ် ကြက်မောက်စံပြကျေးရွာတွင် ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဝင်းတင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်တင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၄၂၅)

နိဗ္ဗာန်ရည်မှန်း ရွှေသင်္ကန်း

❇ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'**မည်၏။

❇ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ်ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ဦးဆောင်မှုဖြင့် **"မဟာဇေယျအတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁–၈–၂၀၀၄ရက်နေ့တွင် ရေစက်ချ ဖွင့်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိဿာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူပြည်သူအများနိဗ္ဗာန်ရည်မှန်း၍ ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ	–	ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး
ပုံတော်	–	ဘူမိဖဿ မုဒြာပုံတော်
ဉာဏ်တော်	–	၂၄ ပေ ၉ လက်မ
ပလ္လင်တော်	–	အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	–	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ ပိဿာ
ကိုယ်လုံးတော်အလေးချိန်	–	၁၉၇၅၀ ပိဿာ
စုစုပေါင်းအလေးချိန်	–	၁၉၈၇၅ ပိဿာဖြစ်ပါသည်။

ရွှေကိုလှူလျှင် ရွှေဆင်းသွင်သို့
ဘဝပင်မခြား တူအကျိုးပွား၏
ဘူမိဖဿ မုဒြာမြတ်ကို
မပြတ်သန့်စင် ရောင်ဝါလွှင်သော
ရွှေစင်သင်္ကန်း ဒါနပန်းဖြင့်
လှူဒါန်းပူဇော် နိဗ္ဗာန်မျှော်လျက်
နှီးဆော်သတင်း ပေးဝေနှင်းသည်
ကောင်းခြင်းဖြာဖြာ ပြည့်စေသော် ...

(၁)ရွှေဆိုင်းဌာန	–	ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂)ရွှေအရည်အသွေး	–	ရွှေစင် ၉၉ ရာခိုင်နှုန်း
(၃)ကပ်လှူပူဇော်ချိန်	–	နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ
(၄)ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၁–၅၄၁၆၈၁။

"ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ"

INVITATION TO TENDER

(TENDER NO.8(T)MPE/HSD(7)/2004-2005)

1. Sealed Tenders are invited by the Myanma Petrochemical Enterprise, the Ministry of Energy for the supply of **6,000 ±10% Metric Tons H.S.D (Gas Oil Regular 0.5%).**
2. Tender closing Date: (16-9-2004) at (12;00)noon.
3. Tender Documents and detail information are available at the Department of Finance, Myanma Petrochemical Enterprise, No.(23), Min-Ye-Kyaw Zwa Road, Yangon, during office hours commencing (2-9-2004) on payment of one hundred (100) FEC per set.
4. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise.

NEW MOTION TRAVELS CO., LTD.
Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service
ပုဂံအထူးခရီးစဉ် Sept ; 9, 23 Oct ; 14, 28
အဘိုမင်းခေါင်ထွက်ခရီးစဉ် Sept ; 28
Ph : 725 799, 537 034

ဘွဲ့ဝတ်စုံများသက်သာသောနှုန်းထားဖြင့်ငှားရမ်းနိုင်

မြန်မာနိုင်ငံကျောင်းသားများ... ဘွဲ့ဝတ်စုံများကို ယခုမြန်မာကုန်တိုက် ဝန်ထမ်းဟောင်းများအဖွဲ့က ၃–၉–၂၀၀၄နေ့မှစ၍ အမှတ်၅၄၊ ဗိုလ်ရွှေလမ်း၊ (လသာမြို့နယ်) ရန်ကုန်မြို့ (ဖုန်း–၀၁–၂၅၂၈၅၁၊ ၀၁–၂၀၀၆၉၇)တွင် နေ့စဉ် နံနက်၀၉း၃၀မှ ညနေ ၄း၃၀နာရီအထိ (တနင်္ဂနွေနေ့)နှင့် အစိုးရရုံးပိတ်ရက်များမှအပ ငှားရမ်းပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

FAME GANOCAN®
လင်းဇီးဆေးတောင့်

MCC ကွန်ပျူတာသင်တန်းကျောင်း
Budget Training Program
Course Content
- Computer Technology
- Introduction to Internet
- Logic Building
- Visual Basic Programming
- Microsoft Office Application
  - MicroSoft Word XP
  - MicroSoft Excel XP
  - MicroSoft Power Point XP
Software Engineering, Network Engineering, Web Developer Courses
MCC ၏ ICT

နယ် စနေ့ကိန်း နီပါတ်တော်လာ ထင်ရှားသော ဇာတ်တော်များ

စက်မှုအင်ဂျင်နီယာ ဆိုင်ရာ အခြေခံနည်းပညာရပ်များ
ဦးကိုကိုကြီး (အလုပ်ရုံမှူး)
ငွေရည်မကျွင်းနစ်၊ စွမ်းအားစုပ်ယူစနစ်များ၊ သာမိုဒိုင်းနမစ်၊ စက်မှုစွမ်းအားကူးပြောင်းခြင်း၊ ထုတ်လုပ်သည့်နည်းစဉ်များ
အမှတ် ၇၅ (မြေညီထပ်)၊ ဗိုလ်ချုပ်လမ်း၊ ဖုန်း–၂၃၅၁၈၄ ၊ ၅၃၁၂၆၄
တန်ဖိုး–၁၅၀၀ိ/–

သစ္စာပြည့် – ဆုံဆီ
☎–၆၄၄၂၅၀

ရွှေပါရမီစာစဉ် (၂၂)
အရှင်ဆန္ဒာဓိက
စိတ်အားဖြည့်ဓမ္မပဒ
ဖုန်း–၂၂၆၇၀၀ ၂၀၁၀၅၂

NAWARAT
Computer Sales, Maintenance & Rental
No.(135), Bogalayzay St.,(UPPER) Botahtaung Tsp, Tel: 29 57 68, E-mail: nwrt_ict@myanmar.com.mm

PIAS
PIAS Cosmetics ၏ Beauty Centre ကို လမ်းမတော် Level (1) ရှိ အခန်း(၁၀၆) ၌ ... Facial Treatment ... PIAS ...

Time
ကွန်ပျူတာ၊ အင်္ဂလိပ်စာအတတ်
တိုက်(၁)အခန်း၂၅လှည်းတန်းမီးပွိုင့်အနီး
Tel:514273

ရွှေဂုဏ်
☎ ၃၈၄၈၃၄၊ ၃၈၃၅၄၄
Starring:
KURT RUSSELL
STACY KEACH
STEVE BUSCEMI
VALERIA GOLINO
ESCAPE FROM L.A

ကချင်ပြည်နယ် ဆရာဦးမင်းသိန်း
မြိုလှကြိုးရှိသောဆေးဇမ္ဗူ ကုသသောရောဂါများ

M မေမေမိုးမိုး
အလှ ဆီ ဂျ လုပ် ငန်း
(၇)ရက်အတွင်း ဝမ်းဗိုက် အဆီချပေးသည်။
အမျိုးသမီး ⇒ မေမေမိုးမိုး Fitness Centre
အမျိုးသား ⇒ THALIA Fitness Centre

အိမ်အရောက်ပြုပြင်ရေး
ရေခဲသေတ္တာ လေအေးပေးစက် အဝတ်လျှော်စက်၊ ရေပူစက် ပြုပြင်သည်။ PH: 510087
AUNG ENGINEERING GROUP

မြန်မာ့ဆီ ဒေါ်သင်း၊ သမင်ဖြူ

ဒေါ်မီအောင်
သဲ့လေးဆက် အထူးမြန် သင်တန်း ဖော်ဒါရှိသည်။
တာဝန်ခံ–ဦးခင်ထွန်း
အမှတ်–၂၀၊ ဂူရွာသာယလမ်း၊ သင်္ဃန်းကျွန်း(ဝဝနမှတ်တိုင်)။
ဖုန်း–၅၇၉၀၁၃၀

ဝေါ်ချမ်း
SPRINGROLL
229930

မြို့တော် ☎ ၃၈၃၅၅၅ ၃၈၃၈၄၃
Starring:
SUNNY DEOL
BOBBY DEOL
URMILA MATONDKAR
DILLAGI

ကိုရီးယားစကားပြောသင်တန်း
(၈)ရက်နေ့စမည်။
တိုက်(၂)၊ အခန်း(၆၀)၊
ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်။

လိပ်ခေါင်း၊ဂရင်ဂျီနာ၊ အိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း –၂၄၈၀၀၆၄

သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ဂရင်ဂျီနာ အထူးကု

ဦးဝင်းမြင့်(KME ၂၆၂၄၃၂)(နေရပ်လိပ်စာမသိ)

သိသာရန်

ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာမြို့၊ ဖေယျာဦးသစ်စက်နှင့်ပတ်သက်သောကိစ္စအဝဝအား ဗိုလ်ရှင်ဖြစ်သူ မိမိကခိမ်ခန့်ခွဲဆောင်ရွက်တော့မည်ဖြစ်ပါသဖြင့် ယနေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ဖြေရှင်းပေးလျှော့ရန်ရှိသည်များ ပျက်ကွက်ပါက နောက်ထပ်တစ်စုံတစ်ရာအကြောင်းကြားခြင်း မပြုတော့ဘဲ မိမိ၏ဆုံးရှုံးမှုများကို ရယူသွားတော့မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ကြေသီလှ

[၁၂/ဒဂန(နိုင်)၀၀၅၅၁၇]

အရောင်း
CTY
242279, 579396

ဖခင်အမည်မှန်

အထက(၁)၊ မ/ဥက္ကလာပ၊ VI-A မှ မနှင်းဦးဝေ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း [၉/မထလ(နိုင်)၁၃၆၈၁၉]ဖြစ်ပါသည်။

ဝယ်လိုသည်

ပလတ်စတစ် ဘူးခွံ အကြည်၊ အနောက် ဆိုဒ်စုံဝယ်လိုပါသည်။

(H.T Co.,Ltd)
Ph: 226507, 244282

Honey Moon

Van, Saloon, Pick-up, wagon လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

Ph:240832,287129,09 50 18867

ကွန်ပျူတာပြင်ဆင်ရေး
PC Workshop
660174, 720301
Desktop, Laptop, Notebook

အမည်ပြောင်းခြင်း

အထက(၁)လသာ ပဥ္စမတန်းတွင် ပညာသင်ကြားလျက်ရှိသော အဘ ဦးရဲမြင့်၏သမီး မဆုအား ယနေ့မှစ၍ မဆုမြတ်လင်းဟု ပြောင်းလဲခေါ်ပါရန်။

ကားရောင်းမည်

၃က/Town Ace ဓာတ်ဆီ
87 Mdl Sky Lite
၆/Suny 84 Mdl။
Ph:221728.

750KVA မှ 1000KVA
Generator ဝယ် /ငှား
လိုသည်။
ဆက်သွယ်ရန်
(09-80-23008)

RIVER VIEW
ငှားမည်

ခြံ 300' x 100' 2RC 35' x 40'
1F. 2MBR GF HALL
EURO TYPE
A/C PH Ph: 664243

အမည်ပြောင်းခြင်း

ဦးမောင်မောင်ဦး–ဒေါ်ဝင်းဝင်းမြိုင်တို့၏သား အထက(၃)ဒဂုံမြို့သစ် မြောက်ပိုင်း VIII(N)မှ မောင်ထူးရဲရင့်ကျော်အား မောင်သက်ဟန်ထူးဇွန်ဟု ပြောင်းလဲခေါ်ပါရန်။

ကုမ္ပဏီရုံးခွဲနေရာပြောင်းရွှေ့ခြင်း

မန္တလေး အမှတ်–၃၈(A)၊ လမ်း–၈၀၊ ၃၄ X ၃၅ ကြား၊ ဝင်းတာရာဘတ္တရီရောင်းဝယ်ရေး၊ Ph:33596 မန္တလေးရုံးခွဲအား ၁–၉–၂၀၀၄မှစတင်၍ လမ်း ၈၀X ၄၀ ထောင့်၊ Ph:-66934သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါကြောင်း ဝယ်ယူအားပေးကြသော အနီးအဝေးမှ မိတ်ဆွေများအားလုံးသို့ အကြောင်းကြားပါသည်။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

၃–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဦးထွန်းရင်ဦး (၆၈)နှစ်အား မိသားစုနှင့်အတူ တစ်နေ့တစ်ရက်မျှ မေ့မရပါကြောင်းနှင့် ပြုလုပ်သမျှ ကုသိုလ်အစုစုအား အမျှပေးဝေရင်း ရောက်ရှိရာ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သီရိသုခမ္မမဏိဇောတရေ
သမားတော်ဦးဘိုကြီး–ဒေါ်သန်းသန်း
ပြည်လုံးချမ်းသာဆေးတိုက်။

ဝမ်းနည်းကြေကွဲခြင်း

အထက(၃)၊ မြစ်ကြီးနားမြို့မှ ကျောင်းအုပ်ဆရာကြီး ဦးဘထွန်း၏ဇနီး ဒေါ်အိအိဆွေ (အထက်တန်းပြဆရာမ) အသက်(၅၀)သည် ၃၁–၈–၂၀၀၄ ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်တပည့်များ
သဇင်မြင့်၊ စပွယ်မြင့်၊ နှင်းဆီမြင့်။

အမွေစား၊ အမွေခံသားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

(ဦးထွန်းလင်း)–ဒေါ်ငွေကြည် [၁၂/မဂဒ(နိုင်)၀၀၂၆၈၁]၏သားဖြစ်သူ မောင်ရဲဝင်းထွန်း [၁၂/မဂဒ(နိုင်)၀၀၂၆၈၃]သည် မိဘစကားကို နားမထောင်ပါသဖြင့် အမွေစား၊ အမွေခံသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဒေါ်ငွေကြည်**
[၁၂/မဂဒ(နိုင်)၀၀၂၆၈၁]
အမှတ်–၁၀၁(A)၊ (၅လမ်း)၊ အိမ်ခြေ–၁၀၀၊ မင်္ဂလာဒုံ၊ ဝါယာလက်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။

FOREVER GROUP
Apple 17" Monitor iMac G5 iMac ...
Professional Digital Graphics Design
Photoshop CS, Illustrator CS
InDesign CS
Scanner Handling, Plug-ins
Mon-Fri 12-3 6.9.2004
Mon-Fri 3-6 6.9.2004
Stunning Visual Effects for Digital Video
Premiere 6.5, After Effects 6.5
Infini-D 4.5, Poser 5.0
Elastic Reality 2.0
Cinema 4D XL 8.5
Mon-Fri 3-6 6.9.2004
www.Artist
GoLive CS, Photoshop CS
ImageReady CS, Premiere 6.5
Flash 5.0, Painter 7.0
Sat-Sun 3-7 11.9.2004
No.175/176, Pansodan Street, Kyauktada Township, Yangon.
Tel: 01 - 256302, 701180

GCE
Commencing Date : September 2004
212357, 252821

ဝင်းလုံ
ရတနာရွှေဆိုင်
09-80-23279

ဝမ်းနည်းကြေကွဲခြင်း
Dr. Rose Tha Gwe (ခ) ဒေါက်တာဒေါ်နှင်းဆီ
အသက် (၅၅) နှစ်

SPA/FMI Group of Companies, Grand Mee Ya Hta Executive Residences ၏ Director *cum* General Manager ဖြစ်သူ Dr. Rose Tha Gwe (ခ) ဒေါက်တာဒေါ်နှင်းဆီ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့၊ မန်နေဂျာများနှင့် ဝန်ထမ်းများ

Serge Pun & Associates (Myanmar) Ltd.	
First Myanmar Investment Co., Ltd.	Pun Hlaing International Hospital Ltd.
Yangon Land Co., Ltd.	Wood Technology Industries Ltd.
Grand Mee Ya Hta Executive Residences	Shine Laundry Ltd.
FMI Garden Development Ltd.	Safe Security & Services
FMI Syndication Ltd.	Stamford-City Business Institute
Pun Hlaing Golf Estate	SPA Media
Pun Hlaing Golf Club	GITE Pest Control

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်း ဒါယကာကြီး

ဦးမြင့်အေး (B.Sc-Maths)
အသက်(၅၉)နှစ်

(မုံရွာ)
သိန်တရာအထည်တိုက်
ချင်းတွင်းအသင်းအမှုဆောင်၊
ချင်းတွင်းမြေ သ/မလီမိတက်
ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး

မုံရွာမြို့၊ ဘုရားကြီးလမ်း၊ သိန်းတရာအထည်တိုက် (ဦးလှဖေ–ဒေါ်အေးကြည်)တို့၏သား၊ ဓမ္မကထိကဆရာကြီး (ဦးလှသိန်း–ဒေါ်ဒေါ်ပု) တို့၏သားသမက်၊ ဒေါ်ခင်ရွှေ၏တူသား၊ မုံရွာမြို့နေ ဦးမြင့်ဦး–(ဒေါ်စန်းစန်းဝေစိုး) တို့၏ညီ/မောင်၊ ဦးမောင်မောင်မြင့်–ဒေါ်မြင့်မြင့်ငွေ၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ပြုံးပြုံးလှတို့၏အစ်ကို၊ တူငါးယောက်တို့ချစ်လှစွာသော ဦးလေးသည် ၁–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃–၉–၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

ဝမ်းနည်းကြေကွဲခြင်း

အထက(၃)၊ မြစ်ကြီးနားမြို့မှ ကျောင်းအုပ်ဆရာကြီး ဦးဘထွန်း၏ဇနီး ဒေါ်အိအိဆွေ (အထက်တန်းပြဆရာမ) အသက်(၅၀)သည် ၃၁–၈–၂၀၀၄ ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုခင်မောင်ဗိုလ်–မသဇင်မြင့်။

ဝမ်းနည်းကြေကွဲခြင်း

အထက(၃)၊ မြစ်ကြီးနားမြို့မှ ကျောင်းအုပ်ဆရာကြီး ဦးဘထွန်း၏ဇနီး ဒေါ်အိအိဆွေ (အထက်တန်းပြဆရာမ) အသက်(၅၀)သည် ၃၁–၈–၂၀၀၄ ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုစိုးရွှေ–မသန်းသန်းနု။

မသက်ဆိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်း၊ အုတ်ဖိုမြို့၊ အောင်မင်္ဂလာ(၃)လမ်းနေ ဒေါ်ဖြူမ(ခ) ဒေါ်ခင်မာဖြူနှင့် တူတော်သူ ကျွန်တော် ရာဇာထွန်း(ခ)ထွန်းဝေလှိုင် [၅/အဖန(နိုင်)၀၇၈၅၈၇]တို့သည် လူမှုရေး၊ စီးပွားရေးကိစ္စများနှင့် အခြားကိစ္စအဝဝမှန်သမျှ ပတ်သက်ဆက်နွှယ်သက်ဆိုင်ခြင်းမရှိပါကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ရာဇာထွန်း(ခ)ထွန်းဝေလှိုင်။

ဦးကြည်စိန်(၅၆)နှစ်

ရွှေပြည်သာဈေး(ပုသိမ်မြို့)

ဇရာဝတီတိုင်း၊ ပုသိမ်အနောက်မြို့နယ်၊ အမှတ်(၄၆)၊ မြေနုလမ်းနေ (ဦးအန်လန်ဘောက်–ဒေါ်ချိန်တီ)တို့၏ တတိယသား၊ ဦးတင်ဆန်း–ဒေါ်ယုခင်တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း၏ ခင်ပွန်း၊ မအိအိဖြိုး၊ မမိုးမိုးဟန်(အထက–၆၊ ပုသိမ်မြို့)၏မွေးသဖခင်၊ ဦးကြီးအောင်၊ ဦးကြည်ဝင်း–ဒေါ်မြင့်မြင့်ထွေး၏ညီ၊ ဦးကျော်ဝင်း–ဒေါ်ကျင်အေး၊ ဦးမောင်မောင်ကြီး – ဒေါ်သန်းသန်းနု၊ ကိုမောင်မောင်လေး – မနွယ်နွယ်စိုး၊ ကိုကြည်မင်း–မပေါက်ပေါက်၊ ကိုကြည်ထွေး–မမိုးမိုးအေးတို့၏အစ်ကို၊ ဒေါ်ယုယုယဉ်၊ ကိုမြင့်လွင်–မလှလှဝင်း၊ ကိုလှစိုး–မမြမြ၊ ကိုငွေအောင်–(မရီရီချို)၏မောင်၊ မမြင့်မြင့်ရီ၊ မမြင့်မြင့်အေး၊ ကိုအောင်မျိုး–မြင့်ငွေ၊ ကိုမြင့်စိုး–မမြင့်မြင့်ခိုင်တို့၏အစ်ကိုသည် ရန်ကုန်အထွေထွေကုဆေးရုံသစ်ကြီး၌ ၃၀–၈–၂၀၀၄(တနင်္လာနေ့) နံနက်၁၀:၅၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်
အသက်(၄၅)နှစ်

(သစ်ကုန်သည်၊ မော်ဘီသစ်စက်)

ရွှေပြည်သာမြို့၊ အမှတ်–၁၂၃(ခ)၊ ရွှေလီလမ်းနေ (ဦးကံထွန်း)–ဒေါ်ကျော့စိန်တို့၏သားကြီး၊ အမှတ်–၃၃၈၊ ရွှေလှေကြီးလမ်း၊ တိုးချဲ့(၂)ရပ်ကွက်၊ မော်ဘီမြို့နေ ဒေါ်သီတာဝင်း၏ခင်ပွန်း၊ ကျော်ကျော်ထိုက်–မပန်းအိဖြူ၊ မောင်သီဟမော် (ပထမနှစ်၊ ဘူမိဗေဒ၊ အနောက်ပိုင်းတက္ကသိုလ်)၊ မကြည်ပြာမောင်မောင် (နဝမတန်း၊ မိတ္ထီလာ)၊ မငြိမ်းစန္ဒီမောင် (စတုတ္ထတန်း၊ အထက–၁၊ မော်ဘီ) တို့၏ဖခင်သည် ၁–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၅နာရီတွင် မော်ဘီမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁နာရီတွင် မော်ဘီမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးစီးပါကြောင်း မိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ – အမည်	လျှောက်ထားသူ – မှတ်ပုံတင်	လျှောက်ထားသူ – လိပ်စာ	လျှောက်ထားသည့် – မြို့နယ်	လျှောက်ထားသည့် – မြေတိုင်း	လျှောက်ထားသည့် – မြေကွက်	လျှောက်ထားသည့် – မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးမြသိန်း	၁၂/ဗဟန(နိုင်)၀၄၃၉၂၈	၃၃၊ ဗိုလ်လက်ျာလမ်း ဗဟန်း	ဗဟန်း	၃၅-H	၁၃၀	ဦးမြသိန်း	ဂရန်မိတ္တူ
၂။	ဦးလှမြင့်+၅	၁၂/ဥကမ(နိုင်)၀၇၆၈၇၀	၁၂၅၅ သုမင်္ဂလာလမ်းမကြီး မ/ဥ	ဒဂုံမြောက်	၄၂ တိုးချဲ့	၂၈၀၊ ၂၈၁၊ ၂၈၂	ဒေါ်ဓာနိုင်နိုင်ဆန်း	အမည်ပြောင်း
၃။	ဦးရဲမြင့်	၆/မအရ(နိုင်)၀၂၇၁၃၆	ထ/၁၄၊ ၇-ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၇	ထ/၁၄	ဦးရဲမြင့်ဝင်း	မြေပုံကူး
၄။	ဦးဇော်မျိုးထွန်း	၁၂/ပဘတ(နိုင်)၀၁၄၅၅၅	၁၃၆၄/၃၄-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၄	၁၃၆၄	ဗိုလ်မှူးစိန်မြင့်	ဂရန်သစ်
၅။	ဦးမြင့်လွင်	၁၂/ဥကတ(နိုင်)၀၇၄၈၈၆	၈၇/ခ၊ ကရမက်လမ်း၊ ၁၄/၃ ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၁၄/၃	၈၇/ခ	ဦးလှရွှေ	ဂရန်မိတ္တူ
၆။	ဦးမြင့်လွင်	၁၂/ဥကတ(နိုင်)၀၇၄၈၈၆	၈၇/ခ၊ ကရမက်လမ်း၊ ၁၄/၃ ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၁၄/၃	၈၇/ခ	ဦးလှရွှေ	အမည်ပြောင်း
၇။	ဦးမင်းကြည်+၁	၁၂/ကမတ(နိုင်)၀၁၀၈၇၂၈	၆၈၊ အင်းစိန်လမ်း	ကြည့်မြင်တိုင်	၂၆-C[2]	V ၂၀၀	ဒေါ်လှ	အမည်ပြောင်း
၈။	ဦးမှူးဘမင်္ဂလာမိန်	၁၂/ဒဂတ(နိုင်)၀၁၂၆၆၂	၁၃၆/ခ၊ ကျွန်းစစ်သားလမ်း၊ ၇၁-ရပ်ကွက်	ဒဂုံ(ဆိပ်ကမ်း)	၈၆	၈၇၈	ဒေါ်စန်းကြွယ်	ဂရန်သစ်
၉။	ဦးရွှေကျော်	၁၂/ဥကတ(နိုင်)၁၄၂၃၈	၉၅၆၊ ၁၈-လမ်း (၇)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၇	၉၅၆	ဒေါ်ကြင်မေ	မြေပုံကူး
၁၀။	ဒေါ်သန်းသန်းမြင့်	၁၂/မရက(နိုင်)၀၃၁၀၇၄	၉၄၊ ဘုရင့်နောင်လမ်း (၂၀)ရွှေပေါက်ကံ မ/ဥ	မြောက်ဥက္ကလာပ	၂၀ရွှေပေါက်ကံ	၉၄	ဗိုလ်မှူးကြီးထွန်းကြည်	ဂရန်သစ်
၁၁။	ဒေါ်အေးအေးသိမ်း	၁၂/တကန(နိုင်)၀၄၉၈၇၂	၃၇၊ ၁၃၇ လမ်း မဈေးကွန်း၊ တာမွေ	တောင်ဥက္ကလာပ	၄	၁၀၄၀	ဒေါ်မြင့်မြင့်	အမည်ပြောင်း
၁၂။	ဦးရိုးမြိုးကျော်(ခ)ဦးမင်းသူ	၁၂/သဃက(နိုင်)၀၃၁၃၉၂	ဂ/၂-B၊ မြို့ပတ်လမ်း၊ သင်္ဃန်းကျွန်း	မြောက်ဥက္ကလာပ	၄-တိုးချဲ့	၁၉၂	ဗိုလ်မှူးကြီးခင်မောင်လတ်	ဂရန်သစ်
၁၃။	ဒေါ်သန္တာအေး	၁၂/မဂဒ(နိုင်)၀၇၃၁၀၆၃	၄၉၊ စိမ်းလဲ့သာယာလမ်း ၃၂-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၂	၄၉	ဦးမောင်မောင်မြင့်	အမည်ပြောင်း
၁၄။	ဦးအန်ရင်ချွန်း	၁၃/မကန(ပြု)၀၀၀၀၀၀	၂၇၆/ခ၊ ဝေဇယန္တာလမ်း (၆)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၆	၂၇၆(ခ)	ဦးကျော်မြင့်+၁	အမည်ပြောင်း
၁၅။	ဦးအောင်အောင်+၁	၁၂/ဥကတ(နိုင်)၁၈၀၃၀၀	၄၂၈/၄၁-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၁	၄၂၈	ဦးကိုကြီး	ဂရန်သစ်
၁၆။	ဒေါ်ခင်ရီ	၁၂/ရကန(နိုင်)၀၄၉၃၁၈	၇၉၈/က၊ ဓနိလ(၃)လမ်း၊ သုဝဏ္ဏ	သုဝဏ္ဏ	၁၆/၁	၇၉၈/က	ဦးလှမောင်	မြေပုံကူး
၁၇။	ဒေါ်သန်းသန်းစိုး	၁၄/ဖပန(နိုင်)၀၂၁၃၃၆	၁၂/၁၃၃ A ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၁၃၃-A	၁၂	ဒေါ်ဆေထွေးထွေး	အမည်ပြောင်း
၁၈။	ဒေါ်လှ	၁၂/အစန(နိုင်)၀၅၃၈၆၆	၁၂၈ ဘုရင့်နောင်ရိပ်သာ (၄)လမ်း မြို့သစ်(က+ခ)	အင်းစိန်	ကိုးမိုင်ခွဲပေါက်တော	၁၂၀	ဒေါ်မြင့်မြင့်	အမည်ပြောင်း
၁၉။	အကန်းကျောင်းဆရာ ဦးစိုး (ဂန္တဝင်ပုံနှိပ်တိုက်ဆရာ)	၁၂/ပဘတ(နိုင်)၀၂၂၂၆၆	၆၇/၆၉၊ ၃၂-လမ်း၊ ပန်းဘဲတန်း	ပန်းဘဲတန်း	၁၅-D[2]	V ၇၄	C.H brocha + 3	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်းခြင်း

အဘ ဦးအေးကျော်၏ သမီး နော်အိဖြူသဲအား [၁၂/သကတ(နိုင်)၁၆၆၉၅၄]အရ ယနေ့မှစ၍ မအိဖြူသဲဟု အမည်ပြောင်းလဲခေါ်ပါရန်။

မအိဖြူသဲ။

ပြင်ဆင်ဖတ်ရှုရန်

၁၆-၈-၂၀၀၄ရက် ကြေးမုံသတင်းစာ (၁၄)ပါ တရားရုံးချုပ်ရှေ့နေဦးဇော်မြင့်(မြိတ်)+၂ ကန့်ကွက်နိုင်ပါသည်ကြော်ငြာမှ မြေကွက်အမှတ် ၁၀၃/အေ အစား ၁၁၃/အေ ဟုပြင်ဆင်ဖတ်ရှုပါရန်။

ကျေးဇူးတင်ရှိခြင်း
ဦးနေထွန်း (၃၇)နှစ်
မြို့နယ်အုပ်ချုပ်ရေးမှူး
ဘိုကလေးမြို့နယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

၂၃-၈-၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားခဲ့သော ဦးနေထွန်း၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဧရာဝတီတိုင်းမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အစစအရာရာ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ကြသော တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူး ၊စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်လူမှုရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖ၊ရပ်မိရပ်ဖများ၊ ဧရာဝတီတိုင်း(၂၆)မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ ဈာပနအားလိုက်ပါပို့ဆောင်ခဲ့ကြသော ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့သူများနှင့် တယ်လီဖုန်း၊ ကြေးနန်းတို့ဖြင့် နှစ်သိမ့်အားပေးကူညီခဲ့သော ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးစိန်လှိုင်
အသက် (၆၀)
(မြောင်းမြ)

ဧရာဝတီတိုင်း၊ မြောင်းမြမြို့၊ အမှတ်(၅)၊ ဦးဘချိုလမ်းမြောက်ပိုင်း၊ (၂)ရပ်ကွက်နေ (ဦးစစ်ဟုန်-ဒေါ်သောင်းရွှေ)တို့၏သား၊ ပွဲစား(ဦးလှရွှေ)-ဒေါ်သန်းခင်တို့၏ သားသမက်၊ ဒေါ်စန်းရင်၏ ခင်ပွန်း၊ ကိုခင်ဇော်၊ မမာမာဦး၊ ကိုအေးတင့်-မခင်ခင်ဌေး၊ ကိုစံရွှေမြင့်၊ ဒေါက်တာထွန်းထွန်းဝင်း (လ/ထ ဆရာဝန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်ဝေမင်းဖြိုး-မပတ္တမြားတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(ရန်ကုန်မြို့၊အမှတ် ၇၈၊ B-3 ပွဲစားလမ်း၊ ကြည့်မြင်တိုင်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
ဦးအေးကို
အသက်(၅၇)နှစ်
(ကုန်သွယ်/လယ်ယာ-ငြိမ်း)

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ ချောင်းစောက်နေ (ဦးစိန်မောင်-ဒေါ်တင်တင်)တို့၏သား၊ ဦးဆန်းလေး-ဒေါ်စိန်ဌေးတို့၏ညီ/မောင်၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊တိုက်(၃)၊ အခန်း(၃)နေ ဒေါ်တင်တင်မေ (ကုန်သွယ်/လယ်ယာ၊သန်လျင်)၏ ခင်ပွန်း၊ မောင်ကိုကိုလွင် B.Sc (Physics)၊ မဝါဝါလွင် B.Sc (Botany)၊ မောင်အောင်အောင်လွင်(၃နှစ်၊ ဓာတု)တို့၏ ဖခင် ဦးအေးကိုသည် ၂-၉-၂၀၀၄(ကြာသပတေးနေ့) တွင် ကွယ်လွန်ပါ၍ ၄-၉-၂၀၀၄ (စနေနေ့) မွန်းလွဲ၁နာရီတွင် သန်လျင်မြို့ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစံလှိုင်
အသက်(၉၂)နှစ်
အထက-တိုက်ကြီး(ငြိမ်း)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်၊ မြို့သစ်သရဖီလမ်း၊ အမှတ်(၆၆၀)နေ ဒေါ်သိန်း၏ ခင်ပွန်း၊ ဦးသိန်းဖေဦး၊ (ဦးစိန်လှအောင်)-ဒေါ်အေးအေးနွဲ့၊ ဦးသောင်းရွှေ-ဒေါ်ဝင်းဝင်းကြည်၊ ဦးမျိုးမြင့်အောင်၊ ဦးဝင်းထွန်း-ဒေါ်မီးမီး၊ မနှင်းယဉ်ယဉ်လှိုင်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄ (သောကြာနေ့)တွင် ကွမ်းခြံကုန်းမြို့သုသာန်၌ မြေမြှုပ်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောအမောင်(ခ)
စောချစ်တာ
အသက်(၆၈)နှစ်
(Y.M.C.A)ယခင်စားသောက်ဆိုင်
(နမ္မတူ)

နမ္မတူမြို့နေ (ဦးစောဘကျော်-ဆရာမကြီးဒေါ်လှမေ)တို့၏ သားကြီး၊ ဒေါ်မာစီကျော်၏ မောင်၊ ဒေါ်အမာကြည်ကျော်-ဦးမြင့်ဝင်း၊ ဒေါ်အမာရီကျော်-(ဦးခင်မောင်ညွှန့်)၊ (ဦးမိုးဇက်)-ဒေါ်ဆိုင်းခေါန်၊ ဒေါ်မြတ်လှချို-ဒေါက်တာဦးစံကာ၊ စောဒိုးဒို-ဒေါ်ကြူကြူသင်း၊ (ဦးနေဝင်းကျော်)တို့၏ အစ်ကို၊ ဒေါ်နန်းအေးဟန်၏ ချစ်လှစွာသောခင်ပွန်း၊ကိုကျော်နိုင်ဦး(ခ) ကြီးကြီး-မသန္တာအောင်(ခ)မခေါန်ရောင်၊ ကိုကျော်ခိုင်ဦး(ခ)ငယ်ငယ်၊ မငြိမ်းနုနုကျော်-ကိုဇော်တူးတို့၏ ဖခင်၊ ဒေးဗစ်ဘကျော်၏အဘိုးသည် ၂-၉-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၉-၂၀၀၄(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁)၌ ဝတ်ပြုကိုးကွယ်ပြီး မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတီအက်(ခ်)မင်း(ခ)ဦးအုန်း
အသက်(၉၅)နှစ်
ဒု-ငွေစာရင်းကိုင်အရာရှိချုပ်(EPC) (ငြိမ်း)
ငွေစာရင်းကိုင်အရာရှိချုပ်(UNDP)(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးအရှိန်-ဒေါ်မွန်)တို့၏သား၊ (ဦးလောက်-ဒေါ်စော)တို့၏ သားသမက်၊ ဒေါ်ထွေးခင် (ဒေါ်နယ်လီ)၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ အမှတ်-၃၉(က)၊ လိပ်ကန်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးမင်းလွင်(MEPE-ငြိမ်း)-ဒေါ်ခင်စန်းမြင့်တို့၏ ဖခင်၊ မမင်းမင်းခိုင်(Myanmar Tractor Ltd.)၊မောင်းမျိုးမင်း(ခေတ္တ-S'pore)၊ မောင်မင်းသူရ(VI-B၊ အထက-၃၊ ဗိုလ်တထောင်)တို့၏ အဘိုးသည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းအေး အသက်(၅၀)
ဗဟိုပစ္စည်းထိန်းဌာန၊ ရန်ကုန်မြို့တော်စည်ပင်

ရန်ကုန်မြို့နေ(ဦးဘလွင်-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးသိန်းဖုံ)-ဒေါ်စောကျင် တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးစည်ပင် အရာရှိရိပ်သာ တိုက်(ခ)၊ အခန်း(၁၂)နေ ဦးတင်ထွဋ် (မြို့တော်စည်ပင်ယာ/အုံ)(ငြိမ်း)၏ဇနီး၊ မောင်တင်အောင်ဝင်း(TRIMAX Marine Service Co.,Ltd.)၊ မဝင်းဝင်းလှိုင် နောက်ဆုံးနှစ် ရူပဗေဒ (ဒဂုံအဝေးသင်၊GTC၊ PR) မမေသင်းခိုင် (Grade XI-E၊ အထက-၃၊ တောင်ညွှန့်)တို့၏မိခင်သည် ၂-၉-၂၀၀၄(ကြာသပတေးနေ့) ညစ၊၂၅နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

သုံးခွမြို့နယ်အသင်းနာယက သုံးခွအထကကျောင်းသားဟောင်း ဆရာကြီး ဦးအုန်းကြိုင်(၇၆)နှစ်သည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာ၏ချစ်တပည့်များ။

ဦးလှမောင်
အသက်(၈၁)နှစ်
ကျောင်းအုပ်ဆရာကြီး (ငြိမ်း)
အမက(၉)၊ တောင်ဥက္ကလာပ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်(၂၈၇)နေ အဘ(ဦးစံတင်-ဒေါ်အိလေး) တို့၏ သား၊ (ဦးတင်ညွှန့်)၏ ညီ၊ (ဒေါ်ခင်သန်း)၊ ဒေါ်တင်ဝိုင်းတို့၏ အစ်ကို၊ ဦးမြင့်ဆွေ (အထက-၃၊ တ/ဥက္ကလာ)-ဒေါ်လှကြည်တို့၏ဖခင်၊ မောင်မင်းဇော်ဦး၊ မောင်လင်းဇော်ထူး(M.P.S.C)၊ မောင်ဝင်းထိုက်အေး၊ မအေးအေးမြင့်တို့၏ အဘိုးသည် ၁-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်းဒါယကာကြီး
ဦးမင်းလွင်(၇၅)နှစ်
လွှတ်လပ်ရေးမော်ကွန်းဝင်
ဥက္ကဋ္ဌ၊ ကသာမြို့နယ်
စာပေနှင့် စာနယ်ဇင်းအဖွဲ့
မြို့နယ်သတင်းထောက်

ကသာမြို့၊ (၃)ရပ်ကွက်နေ ဒေါ်ယဉ်ယဉ်၏ ချစ်လှစွာသောခင်ပွန်း ဦးမင်းလွင်သည် ၁၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၄ရက်တွင် ကသာမြို့သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မောင်ရေချမ်း(ခ)
မောင်သိန်းဇော်မြင့်
အသက်(၂၉)နှစ်
အထက-၁၊ မင်္ဂလာတောင်ညွှန့်
ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊သပြေကုန်းရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်(၃၉)နေ ဦးမြင့်(မော်တော်ယာဉ်မှူး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန)-ဒေါ်ညွှန့်ညွှန့်ရီတို့၏ တစ်ဦးတည်းသောသား၊ဒေါ်စန္ဒာနွယ် (CWH)၊ ဒေါ်မြင့်မြင့်ခိုင်-ဦးလှထွန်း (ဆိပ်ကမ်း)၊ ဒေါ်ဆွေဆွေနွယ်(အလုံမြို့နယ်ကျန်းမာရေး)-ဦးကိုကိုလေး(ရန်ကုန်တိုင်း ရပကန)၊ ဒေါ်သွယ်သွယ်ညွှန့် - ဦးသိန်းစိုးမင်း (မင်္ဂလာတောင်ညွှန့်မြို့နယ်ကျန်းမာရေး)တို့၏ ညီ/မောင်၊ မသပြေ(ခ)မဌေးဌေးမြင့်(မ/ဥဆေးရုံကြီး)၊ မပပသင်း (အရိုးအထူးကုဆေးရုံကြီး)တို့၏ အစ်ကို၊ ဆုစန္ဒီထွန်း(ချစ်စု)၊(ထ-၃ တောင်ညွှန့်)၊ မောင်ကောင်းစံဟိန်း (မ-၂၊တောင်ညွှန့်)၊ မြတ်ဒါလီထွန်း(ချစ်ဉ)၊(ထ-၃၊ တောင်ညွှန့်)၊ ဆုလာဘ်သဇင်ထွန်း တို့၏ဦးလေးသည် ၃၁-၈-၂၀၀၄ရက် တွင်ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဆွေနိုင်(ခ)
Alfred Tin Swe
အသက်(၆၈)နှစ်
ဦးစီးအရာရှိ(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
(ရန်ကင်း)

ရန်ကုန်မြို့၊ အမှတ်(၄၄၁)၊ (၄၆) ရပ်ကွက်၊ မိုးမခလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးတင့်ဆွေ-ဒေါ်နုနု)တို့၏သားကြီး၊ (ဦးထွန်းရှိန်-ဒေါ်အေးရှင်)တို့၏ သားသမက်၊ ဒေါ်မိမိ (ဒု-ဦးစီးမှူး၊ ဝင်ငွေခွန်ဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန)၏ ခင်ပွန်း၊ ဦးမြင့်သန်း-ဒေါ်စိန်စိန်မြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်မေအေး၊ (ဦးဝဏ္ဏ)-ဒေါ်မြင့်မြင့်၊ ဒေါ်ခင်နှင်းယုတို့၏ အစ်ကို၊ မဆွေဇင်ဦး (ယုဇန-ပုဇွန်မွေးမြူရေးလုပ်ငန်း၊ ငွေဆောင်)၊ မမေဇင်လတ်(MA Co. Ltd.)၊မဇင်မာဆွေ (MA Co. Ltd.)တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂-၉-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဲအုပ်ဝင်းမော်
အသက်(၄၄)နှစ်
အမှတ် (၃)ရဲစခန်းမှူး၊ မိတ္ထီလာမြို့

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဇေယျမင်္ဂလာလမ်း၊ အမှတ်(၁၃)နေ ဦးရွှေသောင်း-ဒေါ်သန်းလွင်တို့၏ သား၊ ကိုဇော်ဝင်း-ဒေါ်မြင့်မြင့်သွင်တို့၏ မောင်၊ ဦးသိန်းထိုက်-ဒေါ်တင်တင်ဦး၏ အစ်ကို၊ ဒေါ်ရီရီတိုး၏ ခင်ပွန်း၊ ချစ်စနိုး၊ စမိုင်း၊ သာထူးတို့၏ ဖခင်သည် ၁-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄(သောကြာနေ့) ညနေ ၃နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မငြိမ်းဟန် (၃၄)နှစ်
B.A (မြန်မာစာ)
(မော်လမြိုင်)

ဦးဟုတ်စွမ်-[ဒေါ်အုံးမေ(ခ) ဒေါ်ရု] တို့၏သမီး၊ ဦးအောင်ဝင်း-ဒေါ်ကင်ကြူ (ဦးသိန်းဟို)-ဒေါ်ကျင်မြတို့၏ ညီမ၊ ရန်ကုန်မြို့၊ အမှတ်(၁၉/D)၊ ၅၆ လမ်း၊ မြေညီထပ်နေ ဦးမြင့်ဝင်း-ဒေါ်သက်သက်ဝင်း (သော်တာဝင်း ပုံနှိပ်တိုက်) ဦးဝင်းနိုင်-ဒေါ်ကင်အေး၊ ဦးညွှန့်ဝင်း-ဒေါ်စပယ်၊ ဦးအေးနိုင်-ဒေါ်ငြိမ်းစီတို့၏ ညီမ ဦးမျိုးမြင့်အောင်-ဒေါ်ကျင်ထွေးတို့၏ အစ်မ တူ/တူမ ၁၇ ယောက်တို့၏ အဒေါ်သည် ၁-၉-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ တန်ဆောင်း၊ ကျောင်း၊
ရဟန်းဒါယိကာမ၊ ရဟန်းမယ်တော်
ဒေါ်အေးခိုင်
အသက်(၈၅)နှစ်

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ၊ ဆရာတော်ဦးပညာသာရ၏ မယ်တော်၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ အရှေ့မော်ကျေးရွာနေ (ဦးထွန်းကျော်အောင်)၏ဇနီး၊ ဦးမောင်ဝေအောင်-ဒေါ်အေးနုဖြူ၊ ဦးစံသိန်း-ဒေါ်အေးသန်း၊ ဦးအောင်ကျော်သိန်း-ဒေါ်အေးကြည်၊ ဦးဘမောင်-ဒေါ်လုံးစိန်၊ ဦးစံကျော်-ဒေါ်သန်းစိန်မ၊ ဦးဘကြည်-ဒေါ်တင်ရီ၊ ဦးအောင်တင့်-ဒေါ်ကြည်ကြည်ရွှေ၊ ဒေါ်မသန်း၊ ဦးမောင်သန်း-ဒေါ်မြင့်ရီတို့၏ မိခင်၊ မြေး၂၇ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၈-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် လေးတောင်တိုက်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄(စနေနေ့)တွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သီ
အသက်(၈၅)နှစ်
(ရှုံးသပြေကန်ကျေးရွာ၊ သန်လျင်)

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ရှုံးသပြေကန်ကျေးရွာနေ ဦးမျှင်-ဒေါ်ခင် တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၃၁)၊ မဏ္ဍိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးမြင့်သိန်း-ဒေါ်သီတာ၊ ဒေါ်နီ၊ ဦးသိန်းအောင်၊ ဦးကြင်ဟုတ်၊ ဒေါ်ကုလားမ၊ ဒေါ်တရုတ်မ၊ ဦးတင်မောင်အေး-ဒေါ်စန်းမြင့်၊ ဦးလှထွန်း-ဒေါ်ရီရီသန့်၊ ဦးလှမျိုး-ဒေါ်ကြင်အေးတို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည်
အသက်(၇၃)နှစ်
(ဝေါ/ဘုရားပျို)

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဘုရားပျိုကျေးရွာ၊ ပန်းပဲစုရပ်ကွက်နေ(ဦးထွန်းလှ-ဒေါ်ပြုံးရင်)တို့၏သမီး၊ တာမွေမြို့နယ်နေ (ဦးငွေ-ဒေါ်ဝက်)တို့၏ သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်နေ (ဦးနီ)-ဒေါ်သောင်းလှတို့၏ညီမ၊ သာကေတမြို့၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၇)လမ်း အရှေ့၊ အမှတ်(၈၅)နေ ဦးဝင်းကြည်၏ ဇနီး၊ (ဦးထွန်းလှိုင်)-ဒေါ်သိန်းဥ၊ ဦးဆန်းဦး၊ ဦးလှဦး-ဒေါ်လှလှဌေး၊ ဦးသန်းစိုး-ဒေါ်စန်းစန်းမော်၊ ဦးဝင်းဦး-ဒေါ်မြနွဲ့၊ ဦးတင်မောင်-ဒေါ်ဝင်းဝင်းမော်၊ ဦးစောဝင်း-ဒေါ်တင်တင်မော်၊ဦးမျိုးခိုင်-ဒေါ်ခင်ခင်မော်၊ ဦးအောင်ကျော်ဦး-ဒေါ်သင်းသင်းနွယ်တို့၏မိခင်၊ မြေး၂၂ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁-၉-၂၀၀၄ရက် နံနက်၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုစိုးညီညီမော်(ခ)ညီညီ
အသက်(၃၆)နှစ်
CDC-42560
Potato Co.,Ltd
(မုံရွာ)

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နေ ဦးဝင်းနွယ်-(ဒေါ်မော်မော်သော်)တို့၏ သားလတ်၊ ကိုစိုးကိုကိုမော်-မနှင်းခိုင်တို့၏ ညီ၊ ကိုစိုးမြတ်မင်းသော်-မစံကျော့ခိုင်၊ စိုးပပမော်တို့၏ အစ်ကို၊ မောင်ကျော်စိုးဟိန်း-မကောင်းစုကျော်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ တိုက်(၂၁)၊ အခန်း(၃၀၅)၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးဝင်းနိုင်ဆွေ-ဒေါ်ချောစုလွင်တို့၏ မောင်၊ မငြိမ်းစုနိုင်၊ မောင်နောင်ထွန်းနိုင်တို့၏ ဦးလေးသည် ၃၁-၈-၂၀၀၄ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ဝိဇယ (မဟာထေရ်)
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ရွှေကျင်နိကာယရ ဩဇညာမဟာနာယက
ရွှေကျင်နိကာယသာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၏ ဩဝါဒါစရိယ
ရန်ကုန်တိုင်း၊ ရွှေကျင်ဝိနည်းပြန်ဌာနဩဝါဒါစရိယ
သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၂)နှစ်
(ငါးသိုင်းချောင်း)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ကျောင်းတော်ရာ ရွှေကျင်တိုက်ပဓာနနာယက၊ ပုဗ္ဗာရုံကျောင်းဆရာတော်ကြီးသည် (၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ရက်)၊ ၃၁-၈-၂၀၀၄(အင်္ဂါနေ့) ညနေ၅း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၆၆ခုနှစ်၊ဝါခေါင်လပြည့်ကျော်၅ရက်)၊၄-၉-၂၀၀၄(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမဈာပနကျင်းပပြီး သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျောင်းတော်ရာရွှေကျင်တိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) နာယကဆရာတော်များ၊ ကျောင်းတော်ရာရွှေကျင်တိုက်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကေဝလ
ပဓာနနာယကဆရာတော်
သိက္ခာတော်(၃၉)ဝါ၊ သက်တော်(၈၈)နှစ်

မြင်းခြံမြို့၊ အမှတ် (၁၉)၊ စက်မှုဇုန်၊ ကြောင်ပန်းဝိပဿနာတရားပြဌာန ပဓာနနာယကဆရာတော် ဦးကေဝလအရှင်သူမြတ်သည် (၁၃၆၆ ခု ဝါခေါင်လပြည့်ကျော် ၁ ရက်)၊ (အင်္ဂါနေ့) ညနေ ၆း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်)၊ ၄-၉-၂၀၀၄(စနေနေ့)တွင် ကြောင်ပန်းဝိပဿနာကျောင်း မြင်းခြံမြို့၌ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဂေါပကအဖွဲ့၊ မြင်းခြံမြို့။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
ဒေါက်တာဒေါ်ခင်သင်းရီ(၇၄)နှစ်

၂၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါက်တာ ဒေါ်ခင်သင်းရီ (သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး)၏ ဈာပနကိစ္စအဝဝတွင် အစစအရာရာ ကူညီပံ့ပိုးအားပေးခဲ့ကြသော စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာမကျန်းစဉ် ကာလတစ်လျှောက် ပြုစုကူညီစောင့်ရှောက်ပေးခဲ့ကြသော ဆရာဝန်ကြီးများနှင့် ဆရာမများ၊ ကျန်းမာရေး မိသားစုများအားလုံးတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှအားပေးနှစ်သိမ့်ကြသူများ၊ လိုက်ပါပို့ဆောင်ကြသူများနှင့်တကွ စာ၊ကြေးနန်း၊ဖက်(စ်)၊ တယ်လီဖုန်း၊အီးမေး(လ်)များဖြင့် အားပေးစကားပြောကြားသူများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာမြသောင်း၏ ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး(သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး)ဒေါက်တာဒေါ်ခင်သင်းရီ(၇၄)နှစ် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Central Laboratory Services Co., Ltd.
Shin Pa Ku Specialist Clinic Yangon.

သုံးခွမြို့နယ်အသင်း
ဆရာကြီးဦးအုန်းကြိုင်
သုံးခွမြို့နယ်အသင်း နာယက
အသက် (၇၆)နှစ်
(သုံးခွ-ညောင်လေးပင်)

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် (၃၁၃)၊ အခန်း(၁၂)နေ ဒေါ်တင်ဝင်း (ကျောင်းအုပ်ဆရာမကြီး၊ အမက-၁၄ ရန်ကင်း)၏ခင်ပွန်းဆရာကြီးဦးအုန်းကြိုင်သည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄(သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် သုံးခွမြို့နယ်အသင်းသူ၊ အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဒေါ်သောင်းကြည်(ခ)ဒေါ်သောင်း
အသက်(၆၃)နှစ်
(ကညွတ်ကွင်း)

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နေ (ဦးမောင်-ဒေါ်ပု)တို့၏ သမီးကြီး၊ ဒဂုံအရှေ့ပိုင်းတက္ကသိုလ်ရိပ်မွန်၊ စပယ်လမ်း၊ခြံအမှတ် (၁၄)နေ ဦးမဲ့၏ ဇနီး၊ (ဦးညွှန့်သန်း)၏ညီမ၊ ဦးတင်ထွန်း၊ ဦးကျော်ငြိမ်း၊ဒေါ်မုန်းတို့၏အစ်မ၊ကိုစိုးလွင်-မသန်းသန်းမြင့်၊ Kevine-Kline-မရီရီအေး (သူနာပြု)၊ မောင်အောင်ဇော်ဝင်း၊ မောင်လှမိုး-မသန္တာဖြူ၊ မောင်တိုးမြင့်၊ မခင်သက်ထား၊မောင်ရဲသီဟ (UNDP)-မငြိမ်းငြိမ်းဝေ၊ မနှင်းနှင်းဝေ၊ မသူဇာ၊ မနှင်းအိဖြူတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်သောင်းကြည်(ခ) ဒေါ်သောင်းသည် ၂-၉-၂၀၀၄ (ကြာသပတေးနေ့)တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၆-၉-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(သဂြိုဟ်မည့်အချိန်ကိုထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့် (၆၆)နှစ်
(ကွမ်းခြံကုန်း)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နေ (ဦးနော်ခင်-ဒေါ်တင်ရွှေ)တို့၏ သား၊ (ဦးသီလ-ဒေါ်လှအေး)တို့၏ သားသမက်၊ ဒေါ်သန်းမြင့်၊ (ဦးသင်းမောင်)-ဒေါ်စောမေ(ထ-ပြ၊ငြိမ်း)၊ ဒေါ်ရင်ငွေ (ထ-ပြ၊ငြိမ်း)တို့၏ ညီ/မောင်၊ ဦးကျော်စိုး(UTI၊ငြိမ်း)-(ဒေါ်ကျင်သန်း)တို့၏ အစ်ကို၊သန်လျင်မြို့၊ အမှတ်(၁၈)၊ ဦးလှမောင်လမ်း၊ သောက်တော်တွင်းရပ်ကွက်နေဒေါ်ခင်သိန်း(ထ-၂၊ သန်လျင်၊ ငြိမ်း)၏ ခင်ပွန်း၊ မောင်ဇော်မင်းဦး၊ မောင်မြတ်မင်း၊ မရည်မွန်သန့်တို့၏ ဖခင်သည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ထွန်း (၄၇)နှစ်
(စစ်တွေ)

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ (၈၇/၁၀၄)နေ (ဦးသာထွန်းအောင်-ဒေါ်စောခင်) တို့၏ သမီးကြီး ဒေါ်ခင်လှ၏ တူမ၊ ဦးသာကျော်-ဒေါ်အေးလှတို့၏ သမီးချွေးမ၊ (ဦးသန်းရွှေ၊ ပန်းထိမ်)၏ ဇနီး၊ ဦးအောင်မင်း-ဒေါ်လီလီထွန်း၊ ဦးသန်းအောင်-ဒေါ်အေး(KSNကဏန်းရောင်းဝယ်ရေးလုပ်ငန်း)တို့၏အမကြီး၊မောင်အောင်စစ်အေး၊ မောင်ကျော်လင်းဌေး-မခိုင်စစ်ဝေ၊မောင်ခိုင်မင်းဝေတို့၏ ဘကြီး၊ မခိုင်စုဝေ(အမက-၂၃)၏ မွေးသမိခင်သည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၄ရက် နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ စစ်တွေမြို့အာဂျီလောင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၄၅၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့သို့လေ့လာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatraနှင့်ဇနီး Madame Veena Shinawatraဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက်၉ နာရီ ၁၀မိနစ်တွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦး လေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ပုဂံ-ညောင်ဦး လေဆိပ်တွင် လေယာဉ်ပေါ်မှ ဆင်းသက်လာသည့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး Madame Veena Shinawatraဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪**

ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးနန်းမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်တွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဆောင်းပါးအညွှန်း

ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီမံချက်ချ ဆောင်ရွက်နေသဖြင့် မကြာမီကာလအတွင်း ကျေးရွာအုပ်စုတိုင်း၌ စာကြည့်တိုက်များ ပေါ်ပေါက်လာတော့မည်မှာ သေချာနေပြီဖြစ်၏။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးရှိ မြို့နယ်တိုင်းလိုလို ရုံးများဖွင့်လှစ်၍ စာကြည့်တိုက်၊ စာဖတ်ခန်းများ ဖွင့်ထားသည့် အတွေ့အကြုံရှိပြီးဖြစ်၍ ဤမွန်မြတ်သောလုပ်ငန်းကြီး အောင်မြင်မှာ အသေအချာပင်ဖြစ်၏။

စိုးညွန့် (ပဲခူး) ၏ **"စာအုပ်စာပေ လူ့မိတ်ဆွေ ဖြန့်လေများများ အကျိုးပွား"** ဆောင်းပါး (စာမျက်နှာ-၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ချစ်ကြည်ရေးဘောလုံးပွဲတစ်ဂိုးစီသရေကျ ဘဏ္ဍာ/ အခွန်အတွက်ချေပဂိုး အောင်ကျော်မိုးသွင်း

ရန်ကုန် စက်တင်ဘာ ၂

မြန်မာ-ဟောင်ကောင် ချစ်ကြည်ရေးအစီအစဉ်အရ ဘဏ္ဍာ/အခွန်အသင်းနှင့် ဟောင်ကောင်ကလပ် Kitcheeအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ညနေ ၄ နာရီတွင် လှုင်ယာအားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ချစ်ကြည်ရေးဘောလုံးပွဲမစတင်မီ နှစ်ဖက် ဘောလုံးအသင်းအား ဘဏ္ဍာ/အခွန် ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းနှင့် Kitcheeအသင်း Executive Director, Mr. Kin Kennethတို့က လိုက်လံနှုတ်ဆက်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဘဏ္ဍာ/အခွန်အသင်း - တစ်ဂိုး။
(အောင်ကျော်မိုး)
Kitchee အသင်း - တစ်ဂိုး။
(နံပါတ်-၂၀ Jancula, Martin)

ဒိုင်လူကြီး - ဦးဝင်းချို။

ဘဏ္ဍာ/အခွန် အသင်းတွင် မြန်မာ့ လက်ရွေးစင်ဟောင်းများ၊ လက်ရှိလက်ရွေးစင်များ၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်များ ပါဝင်ပြီး အမှတ်ပေးချန်ပီယံ ခြေစွမ်းကို ထုတ်ပြကစားသွားနိုင်သည်။ နှစ်သင်းစလုံး ခြေစမ်းပွဲအသွင် မကစားဘဲ ပြိုင်ပွဲသဖွယ်ကစား **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**

Kitchee အသင်း၏ တိုက်စစ်ကို ဘဏ္ဍာ/အခွန် အသင်းမှဂိုးသမား အောင်အောင်ဦး၊ ရန်ပိုင်နှင့် မင်းမင်းအောင်တို့ ကာကွယ်ကြစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

စက်သုံးဆီ ခြိုးခြံချွေတာရေး

* ▲ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
* ▲ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂ စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်း သက်သာမည်။
* ▲ ထိုငွေဖြင့် ရောဝတီမြစ်ကူး တံတားကြီးတစ်စင်း တည်ဆောက်နိုင်ပါသည်။